ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၃၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )**

**[ အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၀၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေသောင်း၊ ကချင်(၆)၊ ကျန်းမာရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ငှင်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ငှင်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ငှင်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ငှင်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ငှင်းအတိုင်း။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးစောအုန်း၊ မွန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေး။ ဦးလျှုကွယ်ရှိ၊ ရှမ်း(၁၁)၊ မြေးဖြစ်သူ မင်္ဂလာဆောင်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးဂျေယောဝူ၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊

ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ အစည်းအဝေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ၎င်းအတိုင်း။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ၎င်းအတိုင်း။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ၎င်းအတိုင်း။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ၎င်းအတိုင်း။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူးတိုးမင်းထွန်း၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူးဝင်းသိန်း၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူးကျော်နိုင်ဌေး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ၎င်းအတိုင်းတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရန်ကုန်စက်မှုဇုန်အပိုင်း(၄)အား ဖွံ့စည်းပုံ အခြေခံဥပဒေ (၄၄၃)နှင့် (၄၄၅) အရ လ/န(၃၉) လျှောက်ထားခြင်းကို နိုင်ငံတော်အစိုးရမှ ခွင့်ပြုချက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ခွင့် ရှိ/မရှိနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်ကို ပြန်လည်မေးမြန်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ က ရန်ကုန်စက်မှုဇုန် အပိုင်း(၄)အား ဖွံ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၄၄၃)နှင့် (၄၄၅) အရ လ/န(၃၉) လျှောက်ထားခြင်းကို နိုင်ငံတော်အစိုးရမှ ခွင့်ပြုချက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ခွင့် ရှိ/မရှိနဲ့ စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်ကို ပြန်လည်မေးမြန်းတဲ့ မေးခွန်းအား မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၏ ဆုံးဖြတ်ခဲ့ပြီးသော ဆုံးဖြတ်ချက်များကို ဖွံ့စည်းပုံအခြေခံဥပဒေ အခန်း(၁၄)၊ ပုဒ်မ ၄၄၃ နှင့် ပုဒ်မ ၄၄၅ အရ နိုင်ငံတော်အစိုးရမှ ခွင့်ပြုချက်ရရှိတဲ့အတွက် ဆက်လက်ဆောင်ရွက်ခွင့် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လက မေးမြန်းမှုအပေါ်မှာ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၃၀ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စာဖြင့် ဖြေရှင်းသည့်အပေါ် ကျေနပ်မှုမရှိတဲ့အတွက်ကြောင့် ပြန်လည်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယခုလို မေးမြန်းဖို့အတွက်ကိုလည်း မူလတုန်းက မင်္ဂလာဒုံဥယျာဉ်မြို့တော်နဲ့ ပတ်သက်ပြီး တင်ပြခဲ့တာတွေကို ယခု အကျဉ်းချုံးပြီးတော့ ပြန်လည်ဖော်ပြမှသာလျှင် ရှင်းလင်းမည်ဖြစ်သောကြောင့် ဖော်ပြရှင်းလင်းခွင့် ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မင်္ဂလာဒုံဥယျာဉ်မြို့တော်ကို ယခင် အစိုးရလက်ထက်ကတည်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာန ကနေပြီးတော့ အိမ်ရာများ အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် ၁၉၉၁ မှ စပြီးတော့ မြေဧက (၃၀၀၀)ကျော်ကို စီမံဆောင်ရွက်နယ်မြေ အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ၁၉၉၇ အထိ ဒီနေရာကို အိုးအိမ်ဦးစီးဌာနကနေပြီးတော့ Developer (၁၀)ဦး အထိ ခေါ်ပြခဲ့ပါတယ်။ ဘယ်သူမျှ မလုပ်ပါဘူး။ အဲဒီမှာ ကျွန်တော်နဲ့တွေ့ပြီး နောက်ပိုင်းမှာ (၂)ဦး

သဘောတူတဲ့အတွက်ကြောင့် ၁၉၉၇ မှာ မြို့ရွာနဲ့ အိုးအိမ်ဦးစီးဌာနနှင့် ကျွန်တော် အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ စာချုပ် ချုပ်ဆိုပြီးတဲ့ နောက်ပိုင်းမှာ ဒီ Project ကို ၁၉၉၈ မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီ Project ကို စတင်ပြီးတော့ ၂၀၀၀ ခုနှစ်မှာ ရန်ကုန်စက်မှုဇုန် အပိုင်း(၁)၊ ၂၀၀၃ ခုနှစ်မှာ အပိုင်း(၂)၊ ၂၀၀၅ မှာ အပိုင်း(၃)၊ ၂၀၀၉ မှာ အပိုင်း(၄) ဆိုပြီးတော့ အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးတော့ စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်ချုပ်ဆိုပြီး နောက်ပိုင်းမှာလည်း နိုင်ငံတော်ကို ပေးသွင်းရန်ရှိတဲ့ စက်မှုဇုန် အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃)အတွက် ငွေကိုလည်း ၁၃-၃-၂၀၁၁ မှာ အကျေသွင်းပြီးတော့ နောက်ပိုင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ကနေ ပြီးတော့ ရန်ကုန်တိုင်းအစိုးရအဖွဲ့ကို စက်မှုဇုန်(၄)နဲ့ပတ်သက်တဲ့ လ/န ရရှိရေးအတွက်ကို အကြိမ်ကြိမ် လျှောက်ထားခဲ့ပါတယ်။ လျှောက်ထားတဲ့အပေါ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ဆောက်လုပ်ရေး ဝန်ကြီး ပါတဲ့ Board of Director အဖွဲ့က ၂၉-၁၁-၂၀၁၀ ရက်နေ့ နေ့စွဲပါ ၃၄/၂၀၁၀ အစည်းအဝေး ဆုံးဖြတ်ချက်အရ ရန်ကုန်စက်မှုဇုန်ကြီးကို ဆက်လက်ဆောင်ရွက်ရန်နဲ့ ကျွန်တော့်ကုမ္ပဏီနဲ့လုပ်ဖို့ ဆုံးဖြတ် ခဲ့ပါတယ်။ ခွင့်ပြုချက်ပေးပြီး နောက်ပိုင်းမှာ ကျွန်တော် လယ်သမားတွေနဲ့ စတင်ပြီး ဆွေးနွေးပါတယ်။ တကယ်တော့ အဲဒီကာလက အိုးအိမ်ဦးစီးဌာနကနေပြီးတော့ လယ်သမားတွေ ကရုဏာကြေးပေးရင် (၁)ဧကကို တစ်သောင်း၊ နှစ်သောင်းထက် ပိုမပေးတဲ့ ခေတ်ပါ။

ဒါကြောင့် လယ်သမားတွေ နစ်နာမှာစိုးလို့ ကျွန်တော့်အနေနဲ့ သူတို့နဲ့ ညှိနှိုင်းပြီးတော့၊ သူတို့ ကနေပြီးတော့ အဝေးပြေးလမ်းဘေးမှာ လယ်ပြန်ဝယ်ချင်ပါတယ်။ (၁)ဧကကို (၃)သိန်း ပေးပါလို့ တောင်း ဆိုတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လယ်မစိုက်တဲ့နေရာကို (၃)သိန်း၊ လယ်စိုက်ထားတဲ့ ဧရိယာ (၆)သိန်းထိ ပေးပြီးတော့ သူတို့နဲ့ စာချုပ် ချုပ်ဆိုတာ၊ အခု မြင်ရတဲ့အတိုင်း လယ်သမားများ ခေါင်းဆောင် ဖြစ်တဲ့ ဦးကျော်စိန် ကိုယ်တိုင် ပိုက်ဆံလာယူပါတယ်။ လက်မှတ်ထိုးပါတယ်။ လက်ဗွေနှိပ်ပါတယ်။ သူ ကိုယ်တိုင်လည်း သက်သေလုပ်ပြီးတော့ လယ်ယာမြေ(၈၁၅)ဧကဖိုး ကျွန်တော်ဆီက လာရောက်ထုတ်ယူ သွားပြီး ဖြစ်ပါတယ်။ ယူသွားပြီးနောက်ပိုင်း (၂)လလောက် ကြာတော့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျွန်တော်ဆီလာပါတယ်။ ပိုက်ဆံပေးရုံနဲ့ မရပါဘူး ဥက္ကဋ္ဌ။ သီးစား စွန့်လွှတ်ဖို့အတွက် ပြောပေးပါဦး ဆိုလို့ ကျွန်တော့်မန်နေဂျာက လယ်သမားတွေ သွားပြောတဲ့အချိန်မှာ သူတို့ကနေပြီးတော့ ရပ်ကွက်/ကျေးရွာ ကို သွားပြီးတော့ လယ်သမားတစ်ဦးစီ သွားပြီးတော့ လယ်ယာ(၈၁၅) ဧကကို လာရောက်လွှဲပြောင်းပေး လိုက်ပါတယ်။ အဲဒီမှာ ရပ်ကွက်/ကျေးရွာကနေပြီးတော့ ကျွန်တော့်ကုမ္ပဏီကို လယ်ယာသီးစား လုပ်ပိုင်ခွင့် ပေးလိုက်ပါတယ်။

တကယ်တော့ ဒီလယ်ယာမြေဟာ နဂိုကတည်းက အစိုးရပိုင်မြေတွေ ဖြစ်ပါတယ်။ အစိုးရက (၉၅)ရာခိုင်နှုန်းပိုင်ပြီးတော့ လယ်သမား (၅)ရာခိုင်နှုန်းသာ ပိုင်တဲ့မြေတွေ ဖြစ်ပါတယ်။ အခု မြင်ရတဲ့ အတိုင်း မြေပုံ မြေရာဇဝင်တွေမှာလည်း အားလုံးဟာ အစိုးရပိုင်မြေ ဆိုတာလည်း အတိအလင်း ဖော်ပြ ထားပြီး ဖြစ်ပါတယ်။ အခုဇယားအရ ကြည့်လိုက်ရင်။ အဲဒီကနေတစ်ဆင့် ကျွန်တော်တို့ လ/န(၃၉) ရရှိ ရေးအတွက်ကို တင်ပါတယ်။ အဲဒီမှာ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကနေ ရန်ကုန်တိုင်း၊ တိုင်းမှူးဆီကို ဒီမြေဟာ ဘာအမျိုးအစားလဲ ဆိုပြီးတော့ ပြန်တင်ပြဖို့ မေးပါတယ်။

အဲဒီမေးတဲ့အချိန်မှာ ရန်ကုန်တိုင်း၊ တိုင်းမှူးကနေပြီးတော့ တိုင်းတို့၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အထိ ဆင့်ကဲ ပြန်လည်ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ စစ်ဆေးပြီးတဲ့ အဲဒီမြေဟာ ဆန်စပါး စိုက်ပျိုးနိုင်ခြင်း

ရှိတဲ့မြေ ပါဝင်ခြင်းမရှိဘဲနဲ့ R.2 က (၁၄၄)၊ R.3 က (၉၆၀)၊ R.4 က (၁၂)ဧကေသာရှိကြောင်း၊ အဲဒီအကြောင်း ကြားလိုက်တဲ့အပေါ်မှာ မူတည်ပြီးတော့ အဲဒီတုန်းက အတွင်းရေးမှူး(၁)ပါ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးရုံးက ၁၂-၁-၂၀၁၁ မှာ အဲဒီ ဆန်စပါး စိုက်ပျိုးနိုင်တဲ့နေရာ မဟုတ်တဲ့အတွက်ကြောင့် ဆောင်ရွက်ရန် ဆုံးဖြတ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီ ခွင့်ပြုတဲ့နောက်ပိုင်းမှာ ကျွန်တော် လမ်းတွေလုပ်တယ်။ ရေမြောင်းတွေ ဖောက်တယ်။ ဓာတ်တိုင်တွေ ဆောက်တယ်။ အရိပ်ရပင်တွေ စိုက်တယ်။ Infrastructure မှန်သမျှ အခု မြင်ရတဲ့အတိုင်း ကျွန်တော် (၁၀၀)ရာခိုင်နှုန်းလောက် နီးနီးပြီးပြီးတော့ ရောင်းတာကိုက ကျွန်တော် (၈၀)ရာခိုင်နှုန်းလောက် ရောင်းပြီး ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ပြီးတော့မှာ လယ်သမားတွေက တစ်ဦးတစ်ယောက်ရဲ့ လှုံ့ဆော်မှုနဲ့ လက်မှတ်အတုတွေနဲ့ တိုင်ပါတယ်။ အခု မြင်ရတဲ့အတိုင်း လက်မှတ်အတု၊ အစစ် ဆိုတာလည်း ဘာလို့ သိနိုင်သလဲဆိုရင် ကျွန်တော်ဆီ ပိုက်ဆံလာထုတ်တဲ့ လက်မှတ်က ဘယ်ဘက်က လက်မှတ်ဖြစ်ပါတယ်။ သူတို့ တိုင်တဲ့ လက်မှတ်က ညာဘက်က လက်မှတ်ဆိုတာ Scan ဆွဲချတဲ့အချိန်မှာ နှစ်ယောက်၊ သုံးယောက်ကပဲ အစစ်ဖြစ်ပြီးတော့ ကျန်တဲ့လူတွေအားလုံး အတုတွေ ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့ အတု၊ အစစ် ဖြစ်ပါတယ်။

အဲဒါနဲ့ ရန်ကုန်တိုင်း၊ တိုင်းမှူးကနေပြီးတော့ ကျွန်တော်ကို လ/န(၃၉) ပေးမည့်ဆဲဆဲမှာပဲ ကျွန်တော်တို့ ခရိုင်ကို ပြန်လည်စစ်ခိုင်းပါတယ်။ ခရိုင်က ပြန်စစ်တဲ့အချိန်မှာ ကျွန်တော် (၁၀၀) ရာခိုင်နှုန်း ပြီးပြီ။ (၈၀)ရာခိုင်နှုန်းလောက် ရောင်းထားကြောင်း တင်ပြနေရင်းနဲ့ အစိုးရ အပြောင်းအလဲကြီး ဖြစ်သွားပါတယ်။ ကျွန်တော်ကို လ/န(၃၉) ပေးခါနီးမှာ။ အဲဒီတော့ အခု မြင်ရတဲ့အတိုင်း လယ်ယာမြေ အစိုးရ အပြောင်းအလဲ ဖြစ်တဲ့အချိန်မှာ အဲဒီမှာ ကျွန်တော်ကို အဲဒီနောက်ပိုင်းမှာ နိုင်ငံရေးပယောဂတွေ ဝင်လာတယ်။ အခု မြင်တဲ့အတိုင်း လယ်ယာမြေ တစ်ပြည်လုံး ပြန့်ပြီးတော့ ကျွန်တော့်အပေါ်မှာ မတရားစွပ်စွဲမှုတွေ ပျံ့နှံ့လာတယ်။ အဲဒီ လယ်ယာမြေနဲ့ ရွှေနံ့သာတို့၊ ရွှေနံ့သာနဲ့ ဇေကမ္ဘာတို့၊ ကျွန်တော့်ကို တရားစွဲမယ် ဘာညာဆိုတဲ့အထိကို ဖြစ်လာပါတယ်။ မီဒီယာတွေကလည်း ဝိုင်းတိုက်ပါတယ်။ နောက် အသံလွှင့်ဌာနတွေလည်း ဝိုင်းတိုက်ပါတယ်။ တကယ်တော့ အဲဒီမြေဟာ ကျွန်တော့်မြေ မဟုတ်ပါဘူး။ ကျွန်တော် စေတနာနဲ့ လယ်သမားတွေကို ဝင်ပြီးလျော်ပေးလိုက်တဲ့ အိုးအိမ်ပိုင်မြေ၊ အစိုးရမြေ ဖြစ်တယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော် ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်မှာလည်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

နောက် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ မှာ အစိုးရ အပြောင်းအလဲ ဖြစ်သွားတဲ့အတွက်ကြောင့် ကျွန်တော့်လုပ်ငန်းက လ/န(၃၉) ပေးခါနီးမှာ ရပ်သွားပါတယ်။ အဲဒီတော့ အစိုးရတက်ပြီး (၃)လမှာ နိုင်ငံတော်သမ္မတကြီး ကနေပြီးတော့ တိုင်းနဲ့ ပြည်နယ်ကို စာပို့ပါတယ်။ ညွှန်ကြားပါတယ်။ ပြီးခဲ့တဲ့ အစိုးရလက်ထက်တုန်းက တိုင်းမှူးတစ်ယောက် ကနေပြီးတော့ လ/န(၃၉) ဖုံးပေါလအော ထုတ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ နောက်ပိုင်းကျရင် တိုင်းတွေက မထုတ်ပါနဲ့။ အဲဒီမှာ တွေ့တဲ့အတိုင်း စာထုတ်ပါတယ်။ အဲဒီတော့ ဒီတိုင်းဒေသကနေပြီးတော့ ထောက်ခံချက်ပေးပါ။ ပြီးတော့မှ ပြည်ထောင်စုဝန်ကြီးက တစ်ဆင့် ပြည်ထောင်စုအစိုးရကို တင်ပါ။ အဲဒီတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဆုံးဖြတ်မယ်ဆိုပြီးတော့ ဒီလို ၇-၆-၂၀၁၁၊ သမ္မတကြီးတက်ပြီး (၃)လအကြာမှာ စာထုတ်ပါတယ်။ အဲဒီလို စာထုတ်တဲ့အတွက်ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တွေကရော၊ နောက် အခု ဝန်ကြီးဖြစ်သွားတဲ့ ဦးကျော်လွင် ကိုယ်တိုင် က သမ္မတကြီး ရဲ့ စာထုတ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီးကနေပြီးတော့ ထောက်ခံချက်ပေးပါ ဆိုပြီးတော့ ဒါ ဦးကျော်လွင် လည်း ရေး ပါတယ်။ ဦးစိုးတင့် လည်း အကြိမ်ပေါင်းများစွာ ရေးပါတယ်။ အားလုံးပေါင်း (၆)ကြိမ်၊ (၇)ကြိမ်၊ (၈)ကြိမ် ရေးပါတယ်။ အဲဒီလို လ/န ရရှိရေးအတွက် ရေးပေမယ့် ကျွန်တော်တို့ ရန်ကုန်တိုင်းအစိုးရကနေပြီးတော့ ပြဿနာလေးတွေ အဲဒီအချိန်မှာ လယ်ယာမြေ ပြဿနာလေးတွေ ဖြစ်တော့ ခေတ္တရပ်ထားပါတယ်။ ကျွန်တော့်အနေနဲ့လည်း တွေ့ဆုံခွင့် တောင်းပါတယ်။ ကျွန်တော်နဲ့ ပြဿနာဖြစ်နေတဲ့ လယ်သမားတွေနဲ့ ညှိတယ်။ ဒါပေမဲ့ တွေ့ဆုံခွင့် မရပါဘူး။ အဲဒါနဲ့ ကျွန်တော့် စက်မှုဇုန် (၁)၊ (၂)၊ (၃) ကျွန်တော့်အနေနဲ့ အဲဒီမှာပြီးပြီးသား၊ အားလုံးရောင်းပြီးတဲ့ရာနှုန်းတောင် (80)Percent အခု မြင်ရတဲ့အတိုင်း (80)Percent ရောင်းပြီးကြောင်းကိုလည်း ဆောက်လုပ်ရေးကို Report ကျွန်တော် လုပ်ပြီးသား ဖြစ်ပါတယ်။ ကျွန်တော် ကိုယ်၌ကိုက စာပေါင်း အစောင်(၅၀)၊ ကျွန်တော် ရန်ကုန်တိုင်းကို ပို့ပြီး ဖြစ်ပါတယ်။ ဆောက်လုပ်ရေးနဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်လည်း ရောင်းပြီးပြီ၊ ကျွန်တော်လည်း တရားစွဲနေကြတယ်။

နောက်တစ်ခါ ကျွန်တော်မှာလည်း အဆမတန် ပြန်လျော်ပေးနေရတယ်။ နောက် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ကျွန်တော့်မှာ အလွန်နစ်နာနေပါပြီလို့ အစောင်(၅၀)လောက် ရေးပါတယ်။ အဲဒီမှာမှ ကျွန်တော် ကံကောင်းပါတယ်။ ဘာလို့လဲဆို ပြည်ထောင်စုလွှတ်တော်က လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းမှု ပြည်သူများ မနစ်နာစေရန်အတွက် စုံစမ်းရေးကော်မရှင် ဖွဲ့လိုက်ပါတယ်။ ဖွဲ့ပြီးနောက်ပိုင်း မှာ အဲဒီ ဥက္ကဋ္ဌ ဦးတင်ထွဋ်ချ ကိုယ်တိုင်လာပြီးတော့ စစ်ဆေးတယ်။ အဲဒီ စစ်ဆေးတဲ့ အချိန်ပြီးတော့မှ သမ္မတဆီကနေပြီးတော့မှ ကျွန်တော်တို့ သဝဏ်လွှာပို့တယ်။ ပို့တာဘာလဲဆို ဦးကျော်စိန် က တိုင်ပါတယ်။ သူ့မြေကို ကျွန်တော်က ၂၀၀၉ ခုနှစ်က သိမ်းပါတယ်။ အဲဒီတော့ လယ်သမားတွေက ဒီနေ့ထိ စိုက်တယ်၊ စိုက်တယ်ဆိုတာလည်း အတင်း ဝင်ရောက်စိုက်တယ်။ ပြီးတော့မှ သိန်း(၁၀၀)ပေးရင် ထွက်ပါမယ် ဆိုပြီး ငွေညှစ်တယ်။ အဲဒါနဲ့ တိုင်တယ်။ အဲဒီမှာ ဦးတင်ထွဋ်ချ တို့ စစ်တဲ့အချိန်မှာ လယ်ယာ (၈၁၅)ဧကက ရွှေနံ့သာအုပ်စုမှာ ရှိပြီးတော့ တောင်သူလယ်သမားတွေရဲ့ တောင်းဆိုချက်အရ တစ်ဧကကို (၃)သိန်းနှုန်းနဲ့ ကရုဏာကြေး ပေးပြီးတော့ သူတို့ရဲ့ဆန္ဒအရ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှာ သီးစား လုပ်ကိုင်ခွင့် စွန့်လွှတ်တဲ့အတွက်ကြောင့် ကျွန်တော့်ကုမ္ပဏီကို သီးစားပေးကြောင်း၊ အဲဒါ ရန်ကုန်တိုင်း ကလည်း ခွင့်ပြုကြောင်း၊ လယ်သမား(၂၈)ဦးကိုတောင်မှ အတင်းဝင်ရောက်စိုက်ပျိုးတဲ့အတွက် ကျွန်တော် တရားစွဲဆိုကြောင်း၊ နောက် (၈၁၅)ဧက လ/န ရရှိရေးအတွက်ကို မြို့ရွာအိုးအိမ်ဦးစီးဌာန ကနေပြီးတော့ ရန်ကုန်တိုင်းအစိုးရကို တင်ပြထားကြောင်း၊ ဒီမြေကို မစွန့်လွှတ်ကြောင်း ဆိုပြီး ဒါ သမ္မတဆီက သဝဏ်လွှာ ဒုတိယအကြိမ် တစ်ခါ ထပ်ရောက်လာခဲ့ပါတယ်။

အဲဒါကြောင့် ကျွန်တော့်လုပ်ငန်းတွေတော့ ပြီးကုန်ပြီ ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဆီ ကျွန်တော် စာရေးပါတယ်။ သမ္မတကြီးကလည်း သဘောတူပြီးပြီ။ အကုန်လုံးပြီးပြီ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ကို လ/န(၃၉) ကို ကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပေးပါ။ မရပါဘူး။ ၂၀၁၂ မှ ထွက်တဲ့ မြေယာဥပဒေ အရ ၃၀(က) နဲ့ လျှောက်ပါလို့လာတယ်။ မဟုတ်ဘူး။ ကျွန်တော် ပြောတာက ဒီလုပ်ငန်းတွေက (၉၅)ရာခိုင်နှုန်းထိ ပြီးနေပြီ။ ရန်ကုန်တိုင်းအစိုးရအဖွဲ့က ထောက်ခံပါသည်လို့ ရေးရုံနဲ့ Procedure အရ Project ကြီး ပြီးမယ့်ကိစ္စကို ဘာဖြစ်လို့များ အစက ပြန်စချင်နေရတာလဲ။ ကျွန်တော် ပြန်ရေးတယ်။ ပြန်ပြီးတော့ ကျွန်တော့်ကို ဒီတိုင်းပြန်ပေးတယ်။ ကျွန်တော့်မှာ ကိုးကွယ်ရာ မရှိတော့ဘူး။ အားကိုးရာ မရှိတော့ဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ကနေတစ်ဆင့် ပြန်ပြီးတော့ ကြယ်ပွင့်ပြနဲ့မေးတယ်။ ပြီးခဲ့တဲ့ (၁၀)ကြိမ်မြောက်

တုန်းက။ မေးတဲ့အပေါ်မှာ ပြန်လာတဲ့စာက အားလုံး တလွဲတွေပဲ လာတယ်။ အခြေခံဥပဒေကို တောင်မှ အခြေခံဥပဒေနဲ့တကွ မေးတယ်။ အဲဒါကြီးကို သူပြန်လာတဲ့ အဓိပ္ပာယ်ဖွဲ့တာ ထုံးစံအတိုင်း အဖျားလေး စွတ်ပြီးတော့မှ အဖွဲ့ဝင်တစ်ဦးတစ်ဦးကို နောက်တစ်ပိုဒ် အရေးယူခြင်းမရှိရ ဆိုပြီးတော့ အခြေခံဥပဒေ ကိုတောင်မှ လွဲမှားစွာနဲ့ ဘာသာပြန်ပြီးတော့ လာတဲ့အနေအထားမျိုး ကျွန်တော် တွေ့ရှိရပါတယ်။ နောက်တစ်ခုက ကျွန်တော့်အနေနဲ့ ဖြေရှင်းရမယ် ဆိုလို့ရှိရင် ဒါ သူ အခြေခံဥပဒေကို သူက လွဲမှားစွာနဲ့ ပြန်လာခဲ့တယ်။

နောက်တစ်ပိုဒ် ဆိုလို့ရှိရင်လည်း ကျွန်တော့်ဧရိယာမှာ စက်မှုဇုန်က (၉၃)ရာခိုင်နှုန်း ပြီးကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ရန်ကုန်တိုင်းကို ရေးပြီးသား။ အဲဒါကိုမှ (၃၄)ရာခိုင်နှုန်းပဲ ပြီးပါတယ် ဆိုပြီးတော့ ကျွန်တော် လွဲမှားတဲ့ Figure တွေနဲ့ ပြန်ပြင်တာ တွေ့ရတယ်။ နောက်တစ်ပိုဒ် ဆိုလို့ရှိရင်လည်း သူ ပြန်လာတာ မြေကြီးတွေ ဈေးကြီးနေတယ်။ ဒါကြောင့် ဈေးကြီးတယ် ဆိုပြီးတော့ ပြန်လာပါတယ်။ မှန်ပါတယ်။ ကျွန်တော် ပြောချင်တာက ဒီနေ့ ရန်ကုန်တိုင်းဒေသကြီး တစ်ဝိုက်မှာ စက်မှုဇုန်တွေ မြေဈေးတွေ ကြီးနေတယ်။ ဘာကြောင့် ဈေးကြီးတာလဲ ဝယ်သူများပြီး ရောင်းသူ နည်းတယ်။ မြေကွက်နည်းလို့ ဈေးကြီးတယ်။ အခြေခံဥပဒေမှာလည်း နိုင်ငံတော်ကို ဈေးကွက်စီးပွားရေးစနစ်နဲ့ သွားဖို့ ပြဋ္ဌာန်းထားတယ်။ အဲဒါကိုမှ ဒီအစိုးရလက်ထက် ကနေပြီးတော့ ကျွန်တော့်ဇုန (၈၀၀)ကျော်ရှိတဲ့ ကျွန်တော်ရဲ့စက်မှုဇုန်ကို ရပ်ခိုင်းထားပြီးတော့ (၄)နှစ်ကျော်ပြီ ရပ်ခိုင်း ထားတာ။ ကြိုကြားကြိုကြားမှာရှိနေတဲ့ လှိုင်သာယာလို၊ ရွှေပြည်သာလို ဒီစက်ရုံကြားထဲက စက်ရုံလေး တွေ လိုက်ဝယ်နေရတော့ ဒီ(၄)နှစ်မှာ စက်မှုဇုန်ဈေးက ဆယ်ဆကြီးသွားတယ်။ အဲဒီတော့ အရင် တပ်မတော်အစိုးရတုန်းက အမျှော်အမြင်ကြီးစွာနဲ့ စက်မှုဇုန်တွေ၊ အိမ်ရာတွေ ဖော်ခဲ့တယ်။ အခု ဘာကြောင့်ရပ်သွားတာလဲ။ ဇုန(၈၀၀)ကျော် ရှိတဲ့ စက်မှုဇုန် ရပ်တန့်သွားတဲ့အတွက်ကြောင့် Supply နဲ့ Demand မမျှတဲ့အတွက်ကြောင့် စက်မှုဇုန်တွေ တစ်ဟုန်ထိုး ဈေးတက်လာတယ်။

၂၀၁၁ တုန်းက ကျွန်တော့်ရဲ့စက်မှုဇုန် ရောင်းဈေးက (၄)ကို ရောင်းတာတောင် သိန်း(၂၀၀)နဲ့ (၄၀၀)ပဲ ရောင်းတယ်။ ဒီနေ့ဆို သိန်း(၃၀၀၀) (၅၀၀၀)အထက်မှာ ရှိသွားတယ်။ ဘာကြောင့်လဲဆိုတော့ စက်မှုဇုန်လုပ်နိုင်တဲ့ စက်မှုဇုန်ကြီးကို ဖမ်းရလိုက်တဲ့အတွက်ကြောင့်၊ အခုဆိုလို့ရှိရင် မင်္ဂလာဒုံစက်မှုဇုန် (၁)၊ (၂)၊ (၃) (၁၀၀)ရာခိုင်နှုန်း ပြီးပြီးတော့ စက်မှုဇုန်(၄)က လ/န(၃၉) ထောက်ခံပေးဖို့ပဲ လိုပါတယ်။ အဲဒီအပေါ်မှာမှ ၂၀၁၁ မှာ ဒီအစိုးရ မတက်ခင်က စက်မှုဇုန် (၁)၊ (၂)၊ (၃) ကို အခု ကျွန်တော်တို့ (၁၀၀)ရာခိုင်နှုန်း (၁)၊ (၂)၊ (၃) ကို ရောင်းပြီးတော့ အစိုးရကိုလည်း သွင်းပြီး ဖြစ်တယ်။ အရင်အစိုးရ လက်ထက်ကလည်း ငွေသွင်းပြီး ဖြစ်တယ်။ စက်ရုံ ဆောက်တယ်၊ မဆောက်ဘူးဆိုတာ ဝယ်သူရဲ့ တာဝန်လေ။ ဒါပေမဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ကိုလည်း ကျွန်တော်တို့ ၂၀၁၄ မှာ (၉၃)ရာခိုင်နှုန်း ပြီးကြောင်းလည်း တင်ပြပြီး ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော် ဆောက်ပြီးတဲ့ စက်ရုံ(၃၀)လောက် အခု ပြီးတယ်။ ကျွန်တော် မီးတောင်းတယ်။ ဦးခင်မောင်စိုး မပေးနိုင်ဘူး။ ဒုဝန်ကြီးကို တောင်းတယ်။ မပေးနိုင်ဘူး။ စက်ရုံတွေ လက်နဲ့ လည်လို့ မရဘူး။ မီးလည်း မပေးနိုင်ဘူး။ မပေးနိုင်ရဲ့သားနဲ့ အစိုးရအဖွဲ့ကနေ စက်ရုံမှ မဆောက်ရင် မြေကြီးသိမ်းမယ်ဆိုတာ ဈေးကွက်စီးပွားရေးမှာ ပြောင်းပြန်ဖြစ်နေတယ်။ အာဏာနဲ့လုပ်လို့ မရပါဘူး။

နောက်တစ်ခုက တိုင်းဒေသကြီး စက်မှုဇုန် ကျွန်တော့်မှာ ဒီကိစ္စတွေနဲ့ပတ်သက်လို့ လူမှုရေးတွေကလည်း ပြဿနာတွေ တက်နေတယ်။ စီးပွားရေးလည်း ပြဿနာတက်တယ်။ နိုင်ငံရေးလည်း အလွန်ဆိုးဝါးစွာနဲ့ ရင်ဆိုင်နေရတယ်။ ကျွန်တော့်ကို ဇေကမ္ဘာ မြေသိမ်းတယ်လို့ ပြောတယ်။ မြေတစ်ကွက်မှ ကျွန်တော် မသိမ်းရဘူး။ အိုးအိမ်ဦးစီးဌာနအတွက် ကျွန်တော် ဝင်ပြီး လယ်သမားတွေကို ဝင်လျော်ပေးတာပဲ ရှိပါတယ်။ နောက် ဝယ်ယူပေးတဲ့ ပုဂ္ဂိုလ်တွေကလည်း သူတို့ စက်ရုံ မဆောက်နိုင်ဘူး။ မဆောက်နိုင်တဲ့အတွက်ကြောင့် ဈေးကြီးစွာနဲ့ လှိုင်သာယာမှာ သွားဝယ်ရတဲ့အတွက် သူတို့အတွက်လည်း များစွာနစ်နာနေလျက်ရှိပါတယ်။ ဝယ်ယူသူများ အချို့မှာလည်း ကာလပေါက်ဈေးနဲ့ ကျွန်တော် ရောင်းတုန်းက (၃၀၀)(၄၀၀)ပဲ ရှိတယ်။ အခု ကျွန်တော် သိန်း(၃၀၀၀) (၄၀၀၀) အထိကို ကျွန်တော့်ကို တရားစွဲမှာစိုးလို့ ကျွန်တော် ပြန်အပ်တဲ့ အနေအထားမျိုးဖြစ်တဲ့အတွက်ကြောင့် စီးပွားရေးအရလည်း ကျွန်တော် အလွန်နစ်နာလျက်ရှိပါတယ်။ ရန်ကုန်တိုင်းအစိုးရအဖွဲ့ရဲ့ ထောက်ခံချက်မပေးလို့ လ/န(၃၉) ကို ဝန်ကြီးဌာနမှ ဆက်လက်မဆောင်ရွက်နိုင်ခဲ့ဘူး။ လယ်သမားများကလည်း အဲဒီအပေါ်မှာ အခွင့်ကောင်း ယူပြီးတော့မှ တစ်နေ့ ပြန်ရနိုးနဲ့ ရနိုးနဲ့ ပြင်ပပယောဂတွေနဲ့ ကျွန်တော့်ကို ဝိုင်းတိုက်ကြတယ်။ သူတို့မှာလည်း အခုရှိတဲ့ ပိုက်ဆံက တိုက်ရင်းတိုက်ရင်း လူငှားတိုက်ရင်းနဲ့ သူတို့လည်း ပိုက်ဆံကုန်တယ်။ ကျွန်တော်လည်း ပိုက်ဆံကုန်တယ်။ အဲဒီတော့ တစ်ယောက်မှ အကျိုးမရှိတဲ့ကိစ္စ ဖြစ်ပါတယ်။

အခုလို ဖော်ဆောင်ပြီးတဲ့ စက်မှုဇုန်ကြီးကို စက်ရုံများ ဆောက်လုပ်ခွင့် မပေးသဖြင့် အလုပ်လက်မဲ့တွေလည်း များလာတယ်။ ဆင်းရဲမှုတွေလည်း များလာတယ်။ ဒီနေ့ လှိုင်သာယာမှာဆိုရင် ကျူးကျော်အိမ်ရာပေါင်း ထောင်နဲ့ချီရှိတယ်။ စက်မှုဇုန်တစ်ရုံ ဆောက်ပြီးတိုင်း အနည်းဆုံး စက်မှုထဲမှာရှိတဲ့ စက်ရုံတစ်ရုံကို ကျွန်တော်တို့ အိမ်ထောင်စု (၅၀)လောက် အဲဒီစက်ရုံထဲမှာ တဲထိုးပြီးတော့ စက်ရုံဆောက်ကြလေ့ ရှိတယ်။ စက်ရုံ (၁၀၀)ဆို လူ (၅၀၀၀) လှိုင်သာယာမှာရှိတဲ့ ကျူးကျော်တွေ ကျွန်တော့် Project ကို ဖွင့်လိုက်တာနဲ့ ကုန်သွားနိုင်စရာ ရှိတယ်။ အဲဒါကို ကျွန်တော်တို့ အစိုးရက ဘာလို့ မလုပ်တာလဲ။ ကျွန်တော့်အနေနဲ့ မေးချင်ပါတယ်။ ကျွန်တော့်ကို နောက်ထပ် ဖြေပါတယ်။ (၁၀၀)ရာခိုင်နှုန်းပြီးမှသာလျှင် (၁)၊ (၂)၊ (၃)၊ (၄) ကို ပေးမယ်။ ကမ္ဘာမှာ (၁၀၀)ရာခိုင်နှုန်း ပြီးတဲ့ စက်ရုံ မရှိပါဘူး။ ဒီနေ့ လှိုင်သာယာတောင်မှ မပြီးလို့ ဒီဇင်ဘာလကုန်ရင် ပြန်သိမ်းမယ် ဆိုပြီး အော်တယ်။ အမိန့်နဲ့ အုပ်ချုပ်တယ်။ အဲဒီတော့ အဲဒီလို စက်မှုဇုန်လုပ်တဲ့ ကျွန်တော့်ရဲ့တာဝန်က Developer တစ်ယောက် ဖြစ်တယ်။ Developer ဖြစ်တဲ့အတွက်ကြောင့် Infrastructure လုပ်တယ်၊ လမ်းလုပ်တယ် မီးလုပ်တယ်၊ ရေမြောင်းလုပ်တယ်၊ မြေပြင်တယ်၊ Landscape လုပ်တယ်။ ပြီးရင် ကျွန်တော် မြေကြီး ဝယ်တဲ့ လူကို ရောင်းတယ်။ ရောင်းမှ ပိုက်ဆံရမယ်။ အဲဒီတော့ အိုးအိမ်ဦးစီးဌာနကိုလည်း ကျွန်တော် ငွေသွင်းရတယ်။ အခု စက်မှုဇုန်(၁)၊ (၂)၊ (၃) ကိုလည်း ကျွန်တော် တစ်ဧကကို ရောင်းချတုန်းကဆိုရင် (၁၀၀) နဲ့ (၂၀၀)ကြားပဲ ရခဲ့တယ်။ ဒီနေ့ စက်မှုဇုန်အပိုင်း (၄)ကို ဆိုလို့ရှိရင်လည်း (၂၀၀)နဲ့ (၄၀၀)ကြားပဲ ရပြီးတော့ ဒီနေ့ မြေကြီးဈေးတွေ ဘာလို့ဈေးကြီးတာလဲ။ ဒါကို ဘယ်သူလုပ်တာလဲ။ ဘာကြောင့် ဈေးတက်သွားတာလဲ။ ဈေးကွက်စီးပွားရေးမှာ အမိန့်ပေးလို့ ရမလား/မရဘူးလား။ နောက်တစ်ခါ ပုဂ္ဂလိကတော့ တန်ရင် ဝယ်မယ်၊ မတန်ရင် မဝယ်ဘူးဘဲ။ နောက် ၃၁-၈-၂၀၁၂ ပြဋ္ဌာန်းထားတဲ့ ကျွန်တော့်ကို ပြန်ဖြေတာတွေ အားလုံးပြန်ကြည့်လိုက်ရင် ၃၁-၈-၂၀၁၂ က ပြဋ္ဌာန်းတဲ့ လယ်ယာဥပဒေ အသစ်နဲ့ပဲ ကျွန်တော်ကို ပြန်ပြန်တင်တယ်။ အသစ်နဲ့ပဲ Apply လုပ်တာ မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ လယ်ယာဥပဒေ ၆၃ ဥပဒေကိုပဲ Apply လုပ်ခြင်းဖြစ်ကြောင်းကိုလည်း ကျွန်တော် တင်ပြချင်ပါတယ်။ ဒါကြောင့် သူ ပြန်ဖြေတဲ့

အပေါ်မှာ ကျွန်တော် လုံး၀ကျေနပ်မှု မရှိတဲ့အတွက်ကြောင့် ကျွန်တော် ဒီမေးခွန်းကို ပြန်မေးမြန်းရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


ရေသွင်းမြောင်း မြင်ကွင်းပုံ(စစ)




ရွှေနံ့သာလယ်သမားများမှ ၎င်းတို့၏ လယ်ယာမြေကို အစားထိုးပြန်လည်ဝယ်ယူရန်အတွက် မြို့နယ်/ရပ်ကွက်/ကျေးရွာ၏ တာဝန်ရှိပုဂ္ဂိုလ်များရှေ့တွင် ပိုင်ဆိုင်မှုများအား မှန်ကန်မှု ရှိ/မရှိ ဇေကမ္ဘာကုမ္ပဏီမှ စစ်ဆေးစဥ် ပုံ(စစ)



စက်မှုဇုန်အပိုင်း(၄) မြေနေရာသည် မြေပိုင်လယ်မြေ (၅၅.၈)ဧကသာရှိပြီး၊ ကျန်မြေများမှာ အစိုးရလယ်မြေ/ အစိုးရမြေများ ဖော်ပြပုံ (စစ)




**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဦးကျော်လွင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူး ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ မေးမြန်းထားတဲ့ ရန်ကုန်စက်မှုဇုန် အပိုင်း(၄)အားဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့် ၄၄၅ အရ လ/န(၃၉) လျှောက်ထားခြင်းအား နိုင်ငံတော်အစိုးရမှ ခွင့်ပြုချက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ခွင့် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားစာနဲ့ပတ်သက်ပြီး ကျေနပ်မှုမရှိတဲ့အတွက် ပြန်လည်ဖြေကြားပေးရန် ဒေါက်တာခင်ရွှေ ရဲ့ မေတ္တာရပ်ခံချက်အား မေးမြန်းခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး

ဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကျွန်တော်တို့ရဲ့ မေးမြန်းချက်ကို ပြန်ကြားလာသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ ပါ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည် ဟု မှတ်ယူရမည် ဆိုတဲ့ ပြဋ္ဌာန်းချက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီ ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းများကိုသာ ဆိုလိုခြင်း ဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၅ ပါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ မူဝါဒလမ်းညွှန်ချက်များ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များကိုလည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည် ဆိုသည့် စကားရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံကြောင်း ဆိုလိုခြင်းဖြစ်ကြောင်း ယင်းပြဋ္ဌာန်းချက်အရ ယခုအစိုးရအဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များကို ဆက်ခံ၍ ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် စီမံကိန်းများ အပါအဝင် ကိစ္စရပ်များကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဆက်လက်ဆောင်ရွက်ရခြင်းကို ဆိုလိုကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထားပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ရန်ကုန်စက်မှုဇုန်အပိုင်း(၄) အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စီမံကိန်း ဆောင်ရွက်မည့် မြေများနှင့်ပတ်သက်၍ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ ရရှိရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဌာနသည် ယခင်အစိုးရလက်ထက် ၂၀၁၀ ခုနှစ် မတ်လမှစ၍ သက်ဆိုင်ရာသို့ အကြိမ်ကြိမ် လျှောက်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လတွင် အစိုးရသစ် ပြောင်းလဲလာသည်အထိ ပြီးပြတ်မှု မရှိခဲ့ပါ။ လယ်ယာမြေ ဥပဒေ ၂၀၁၂ ကို ပြဋ္ဌာန်းခဲ့ရာ ဤဥပဒေသည် ၃၁-၈-၂၀၁၂ ရက်နေ့တွင် အာဏာတည်ပြီး ယင်းဥပဒေဖြင့် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဥပဒေကိုလည်းကောင်း၊ ယင်းဥပဒေအရ ထုတ်ပြန်တဲ့ လယ်ယာမြေ နည်းဥပဒေများဖြင့် ၁၉၅၄ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး နည်းဥပဒေများကိုလည်းကောင်း ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လ/န(၃၉) လျှောက်ထားမှုနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ၁၉-၅-၂၀၁၁ ရက်နေ့တွင် ပြုလုပ်တဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၁) ဆုံးဖြတ်ချက် အပိုဒ်(၁၁)အရ ရန်ကုန်စက်မှုဇုန် အပိုင်း(၁)၊ (၂)၊ (၃) အား

ရာခိုင်နှုန်းပြည့် ပြီးပြတ်အောင် ဆောင်ရွက်ပြီးမှသာ အပိုင်း(၄)အား တိုးချဲ့ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီးတော့ ဇေကမ္ဘာကုမ္ပဏီလီမိတက်ရဲ့ ထပ်မံတင်ပြ လျှောက်ထားမှုနဲ့ပတ်သက်ပြီး ၂၅-၃-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၄) ဆုံးဖြတ်ချက် အပိုဒ်(၉၃)အရ လယ်ယာမြေ ဥပဒေပုဒ်မ ၃၀(က) နှင့်အညီ လယ်ယာမြေ နည်းဥပဒေ ပုဒ်မ ၈၂ အရ ပုံစံ(၁၄) ဖြင့် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနမှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ စတင်လျှောက်ထားရန် အကြောင်းကြားခဲ့ကြောင်း သိရှိရပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ထပ်မံသဘောထားမှတ်ချက်ပေးရာမှာ ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများမှာ ယင်းဥပဒေ အာဏာမတည်မီက လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေ ပုဒ်မ ၃၉ အရ လျှောက်ထားဆဲကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များ ပါဝင်ခြင်း မရှိသည်ကို တွေ့ရပြီး ယခင်ဥပဒေ ပုဒ်မ ၃၉ အရ လျှောက်ထားသည့် ကိစ္စရပ်များကို ရုပ်သိမ်းပြီးဖြစ်သော လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည် ဆိုပါက တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲမည် ဖြစ်သဖြင့် တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေနှင့်အညီသာ ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားပါတယ်။ ယင်းသို့ ဆောင်ရွက်မည်ဆိုပါက ရန်ကုန်စက်မှုဇုန်အပိုင်း(၄) စီမံကိန်းအား ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၂၉ နဲ့ နည်းဥပဒေများရဲ့ နည်းဥပဒေ ၇၈ ပါ နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများ အတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခြင်း ဖြစ်တဲ့အတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုလိုသော စီမံကိန်း အကောင်အထည်ဖော်မည့် ပြည်ထောင်စုဝန်ကြီးဌာနက ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ ၇၈ အရ နိုင်ငံတော်၏ ရေရှည်အမျိုးသား အကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုလိုသော စီမံကိန်းအကောင်အထည်ဖော်မည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဟာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိသည့်အခါ စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည် ဟု ပြဋ္ဌာန်းထားပါတယ်။

ယခုကိစ္စနှင့်ပတ်သက်ပြီး လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားမှုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားတောင်းခံခဲ့ရာ ၃၀-၃-၂၀၁၂ နှင့် ၃၁-၈-၂၀၁၂ ရက်နေ့များတွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့တဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်သည့် ဥပဒေများကို လေးစားလိုက်နာကျင့်သုံးပြီး ဥပဒေနှင့်ကိုက်ညီစွာ ဆက်လက်အရေးယူ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနမှလည်း ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)အရ ရုပ်သိမ်းပြီးဖြစ်တဲ့အတွက် ရန်ကုန်စက်မှုဇုန်အပိုင်း(၄) စီမံကိန်းဧရိယာအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ရရှိရန် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက် ရယူပြီး

ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သဘောထားမှတ်ချက် ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့လည်း မြို့သစ်များ တည်ဆောက်ခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ခဲ့ရာမှာ ယခင် လ/န(၃၉) လျှောက်ထားခဲ့သော်လည်း ခွင့်ပြုမိန့် မရရှိသေးတဲ့ မြို့သစ်များရဲ့ အချို့နေရာများမှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထပ်မံလျှောက်ထားလျက်ရှိပါတယ်။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ မေးမြန်းထားတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြစ်တဲ့ ပြည်ထဲရေး ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဗဟို လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ သဘောထားများကို ညှိနှိုင်း ပေါင်းစပ်မှုအရ ရန်ကုန်စက်မှုဇုန် အပိုင်း(၄) စီမံကိန်းဖော်ဆောင်မည့် မြေနေရာနှင့် ပတ်သက်ပြီး ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၂၉ နှင့် နည်းဥပဒေ ၇၈ ပါ နိုင်ငံတော်၏ ရေရှည်အမျိုးသား အကျိုးစီးပွား အလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခြင်း ဖြစ်တဲ့အတွက် ၎င်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်း အကောင်အထည်ဖော်မည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းအစိုးရအဖွဲ့ကိုယ်စား အခု ဝန်ကြီးကို ပြန်လည်မေးမြန်းလိုပါတယ်။ အခု ဝန်ကြီး ရှင်းသွား တာတော့ ဥပဒေတွေ၊ နည်းဥပဒေတွေ ဖတ်သွားပါတယ်။ အားလုံးကို အခြေခံဥပဒေက အရင် တပ်မတော် အစိုးရကနေပြီးတော့ အမျှော်အမြင်ကြီးစွာနဲ့ အခြေခံဥပဒေမှာ ဒါ ပြဋ္ဌာန်းပြီး ၄၄၃ ဆိုတာ သူလုပ်တဲ့ စာရွက်စာတမ်းတွေ အားလုံး ပြီးတဲ့အချိန်ကနေ နောက်ထပ် ဆက်လုပ်ဖို့ ဆိုပြီးတော့ ညွှန်ကြားတဲ့ ခုန ၄၄၃၊ ၄၄၄ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော့်အနေနဲ့ မေးချင်တဲ့ မေးခွန်းလေးတွေ ရှိပါတယ်။ ယခင်အစိုးရ လုပ်သွားတဲ့လုပ်ငန်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၄)၊ ပုဒ်မ ၄၄၃ နဲ့ ၄၄၅ အရ ဆက်လက်လုပ်နိုင်ခြင်း ရှိ/မရှိ ဆိုတာရယ်။ မရှိလို့ရှိရင် အခြေခံဥပဒေကြီးကို ဥပက္ခာပြုတယ်လို့ပဲ ကျွန်တော်တို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

နောက် (၂) နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ ၇-၆-၂၀၁၁ သမ္မတ တက်ပြီးပြီးချင်း (၃)လ မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အစိုးရအဖွဲ့က ထောက်ခံချက်ပေးရန် ညွှန်ကြား ချက်အပေါ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား အခု ပြည်ထောင်စု ဒုတိယ ဝန်ကြီး(၂)ဦးနဲ့ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တွေကနေပြီးတော့ လ/န(၃၉) ရရှိရေးအတွက် ထောက်ခံ ချက်ပေးပါရန် အကြိမ်ကြိမ်ညှိနှိုင်းတဲ့အပေါ်မှာ ရန်ကုန်တိုင်းအစိုးရကနေပြီးတော့ ထောက်ခံချက် မပေး ခဲ့ဘူး။ အဲဒါကလည်း သမ္မတကြီးရဲ့ ညွှန်ကြားချက်ကို ဆန့်ကျင်နေတာလား။ ကျွန်တော့်အနေနဲ့ ဒါလည်း သိချင်တယ်။

နောက်တစ်ခုက နိုင်ငံရေးပါတီတစ်ခုကနေ ကုမ္ပဏီနဲ့ လယ်သမားကြားမှာ အထင်အမြင် လွဲမှားအောင် မမှန်မကန်သတင်းနဲ့ လယ်သမားများအား စည်းရုံးလှုံ့ဆော်ပြီးတော့ လယ်ယာမြေ ပြဿနာ

ဖြစ်စေရန် ဖန်တီးနေတဲ့အပေါ်မှာ ရန်ကုန်တိုင်းအစိုးရအဖွဲ့က သိလား/မသိလား။ ဒါလည်း ကျွန်တော် သိချင်တယ်။ နောက် စီမံကိန်းဆောင်ရွက်ဖို့အတွက် နိုင်ငံတော်ဝန်ကြီးဌာနနဲ့ သဘောတူညီချက် ရရှိပြီးတဲ့ လ/န(၃၉) ရရှိရန်သာ ကျန်ခဲ့ပြီးတော့ အခြေခံ အဆောက်အဦတွေ (၉၀)ရာခိုင်နှုန်းကျော် ပြီးစီးပြီ။ နောက် ကရုဏာကြေးငွေ ရထားတဲ့ လယ်သမားတွေကလည်း ဒီနေ့ထိ ကျွန်တော့်မြေပေါ်မှာ အတင်းဝယ်စိုက် နေတယ်။ အဲဒီအပေါ်မှာ ရန်ကုန်တိုင်းအစိုးရကြီးကတော့ ကျွန်တော့်ကို ဘယ်လို ဆောင်ရွက်ပေးမလဲ ဆိုတာကို ကျွန်တော် သိချင်တယ်။

နောက် ၂၀၁၂ ခုနှစ် လယ်ယာမြေ ၃၀(က)အရ လယ်ယာမြေကို အခြားနည်းနဲ့ အသုံးပြုခွင့် ရရန် လုပ်ထုံးလုပ်နည်းနဲ့အညီ သက်ဆိုင်ရာ မြို့နယ်လယ်ယာ လျှောက်ထားရန် ဆိုပြီးတော့ ပြန်ကြားတဲ့ အပေါ်မှာ ကျွန်တော်တို့ အခြေခံဥပဒေကို ကျော်သွားပါတယ်။ ယခင်အစိုးရရဲ့ ဆုံးဖြတ်ပြီးတဲ့ ဆုံးဖြတ်ချက် တွေကို ဆက်လက်ဆောင်ရွက်ရန်သာ ဖြစ်ပါတယ်။ ဒီမြေဟာ ကုမ္ပဏီမှ ဝယ်ယူပြီး အကောင်အထည် ဖော်တဲ့ မြေလည်း မဟုတ်ပါဘူး။ G to G အစိုးရကနေ လျှောက်ပြီးတော့ အစိုးရကနေ ပြန်ချပေးတဲ့ မြေပဲဖြစ်ကြောင်းကို ရန်ကုန်တိုင်းအစိုးရက သိလား။ ကျွန်တော် လျှောက်တာမဟုတ်ဘူး။ ဒါ G to G ပါ။

နောက်တစ်ခါ တကယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနဲ့ ပုဒ်မ ၃၀(က)အရ အစမှ ပြန်လျှောက်မယ်ဆိုရင် လယ်သမားတွေက ဒုတိယတစ်ကျော့ ပြန်ပြီးတော့ ပုံစံပြန်ပြီး တွန်းလာနိုင်မယ့် အနေအထားမျိုးပဲ။ ပထမလည်း တွန်းလာလို့ ကျွန်တော့် Project က စပြီးတော့မှ တစ်ပြည်လုံး မီးလောင်ခဲ့ပြီးပြီ။ တကယ်လို့ အဲဒီလိုဖြစ်လာရင် ဘယ်အဖွဲ့အစည်းက တာဝန် ယူမှာလဲ။ ဘာဖြစ်လို့လဲဆို ကျွန်တော် မရသေးဘူး။ လ/န မရသေးဘူး ဆိုပြီး လယ်သမားတွေက ထပ်ပြီး တိုက်ခိုက်လာရင် တာဝန်ယူမယ့် အဖွဲ့အစည်းတော့ ရှိဖို့လိုပါတယ်။ နောက်ပြီးတော့ ကျန်တဲ့ တခြား စီမံကိန်းတွေလည်း လ/န မရသေးဘူး။ ဟိုနေ့ကလည်း ပြည်ထောင်စုမှာ ပန်းလှိုင်ဂေါက်ကွင်းကစ ရွှေပြည်သာ၊ ရွှေပေါက်ကံ နောက်ဆုံး ကျွန်တော်တို့ သာကေတ၊ သုဝဏ္ဏ အစ လ/န မရသေးဘူး။ နောက်ဆုံး ဒီ ကျွန်တော်တို့ လွှတ်တော် လုပ်တာတောင် လ/န မရသေးဘူး။ အဲဒီတော့ မရသေးဘဲနဲ့ ငွေသွင်းခွင့်တွေ အကုန်လုံးရပြီးပြီ။ ပန်းလှိုင်လည်း ရပြီးပြီ။ လှိုင်သာယာလည်း ရပြီးပြီ။ ရွှေပေါက်ကံ လည်းရပြီးပြီ။ ရွှေပြည်သာလည်း ရပြီးပြီ။ ကျွန်တော့်ကျမှ ဘာလို့ ဒီကနေ့အထိ ငွေသွင်းခွင့် မရတာလဲ။ ကျွန်တော် သိချင်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အများကြီး နစ်နာနေတဲ့ အနေအထားမျိုးရှိတယ်။

နောက် လယ်ယာမြေ ပုဒ်မ ၃၀ ကို အစက ပြန်လျှောက်ရမယ် ဆိုလို့ရှိရင် ဘယ်လောက်ကြာမလဲ ဆိုတာကို ကျွန်တော် သိချင်တယ်။ ဥပမာတစ်ခု ကျွန်တော် တင်ပြရရင် နည်းနည်းထိုးပြပါမယ်။ ကျွန်တော့် မြေထဲမှာ နှစ်(၃၀)ဂရန် ရပြီးသားမြေကို ဒေါ်စိန်ထွေး အတွက် လာလျှောက်တာ တစ်ရက်တည်းနဲ့ လ/န (၃၀)(က) ရအောင် လုပ်ပေးနိုင်တယ်။ အခု ကျွန်တော့် ဒီ G to G ဆောက်တဲ့မြေမှာ ဥပမာ တစ်ရက် တည်းနဲ့တောင် လုပ်ပေးလို့ရတယ်။ အဲဒါကို ကျွန်တော့်စက်မှုဇုန်ကို ပြန်လျှောက်ရင် နောက်ထပ် တစ်နှစ် ကြာဦးမှာလား။ နှစ်နှစ်ကြာဦးမှာလား။ ဒါမှမဟုတ် ဒေါ်စိန်ထွေး လို ပုဂ္ဂလိက လျှောက်တာမျိုး အခွင့်အရေး တစ်ရက်တည်းနဲ့ အပြီးလုပ်ပေးမလား ဆိုတာလေးလည်း ကျွန်တော်သိချင်ပါတယ်။

နောက် အဲဒီမှာ နောက်တစ်ခါ ပိုဆိုးတာက ကျွန်တော် တစ်ခုတင်ပြပါမယ်။ အခု စက်မှုဇုန်(၄) ဟာ ပြဿနာတက်နေတယ် ကျွန်တော်နဲ့။ အဲဒါတွေကလည်း အားလုံးအစိုးရမြေတွေ ဖြစ်တယ်။ အဲဒါကို ဦးမောင်ကြိုင် ဆိုတဲ့ ပုဂ္ဂိုလ်ကနေပြီးတော့ အမျိုးသမီးတစ်ယောက်ကို ရောင်းလိုက်တယ်။ ရောင်းလိုက်

တာကို အဲဒီမြို့နယ် ဒီကျွန်တော်တို့ မြေစာရင်းကနေပြီးတော့ သတင်းစာထဲက ကြေညာလိုက်တယ်။ ကန့်ကွက်တဲ့သူ မရှိရင် သူ့ကို လ/န(၃၀)(က) ထုတ်ပေးမယ်ဆိုတာ ကျွန်တော့် မြေထဲမှာ။ စက်မှုဇုန်(၄) ထဲမှာ။ ကြေညာလိုက်တော့ ဘယ်သူမှ မကန့်ကွက်ဘူး။ သတင်းစာထဲက ကြေညာတယ်။ ဘယ်သူမှ မကန့်ကွက်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒါ အစိုးရမြေဖြစ်တော့ ကြေညာတယ် အစိုးရမှ မကန့်ကွက်ရင် ဘယ်သူက ကန့်ကွက်မှာလဲ။ ကျွန်တော့် ဒီအစိုးရမြေပေါ်မှာ။ အဲဒါကြီးကို လ/န(၃၀)(က)ကို လုပ်ပေးလိုက်တယ်။ ကျွန်တော်သာ ဒီမှာ ထောက်ခံချက် လွယ်လွယ်ကူကူ မရတာ။ အဲဒီအမျိုးသမီးက လ/န(၃၀) ကို ရသွားတယ်။ ကျွန်တော့် ဒီစက်မှုဇုန်(၄)ရဲ့ ဝင်းထဲမှာပဲ။ အခု ပြလိုက်ရင်ရပါတယ်။ အဲဒီဝင်းထဲက အဲဒီအကွက်ကို လာလျှောက်သွားတဲ့ အနေအထားမျိုး ရှိပါတယ်။ လာရောင်းသွားတာတွေ ရှိတဲ့အတွက် ကြောင့် ဒါကြောင့် အခု ကျွန်တော်တို့က ပြန်ပြီးတော့ ဒါကိုအစက ပြန်စရမယ်ဆိုလို့ရှိရင် ကျွန်တော် အဲဒီ အပေါ်မှာ ကျွန်တော်တို့က ဘာဆက်လုပ်ရမှာလဲ။

အဲဒီတော့ ကျွန်တော်တို့ အခြေခံဥပဒေမှာ ပြထားပါတယ်။ ၄၄၃၊ ၄၄၅ ကို မလိုက်နာလို့ရှိရင် ၄၅၇ ဥပဒေလေးပြပေးပါ။ ၄၅၇ ပြန်ပြပါတယ်။ နိုင်ငံတော်အစိုးရကနေပြီးတော့၊ အခု ဒီအစိုးရကနေ ပြီးတော့ မလုပ်ရင် တရားစွဲဆိုပိုင်ခွင့်၊ ခံပိုင်ခွင့်ရှိတယ် ဆိုပြီးတော့လည်း ပြထားတာရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမလုပ်တဲ့အစိုးရကို ကျွန်တော် တရားစွဲရမလား။ ဒါမှမဟုတ် လွှတ်တော်ဥက္ကဋ္ဌကြီး အနေနဲ့ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သမ္မတကြီးကို (၃)ကြိမ်လောက် ပြောပြီးပါပြီ။ သဝဏ်လွှာများ ပို့ပြီးတော့ အခြေအနေမှန်သိအောင်လို့ တင်ပြပေးပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးကျော်လွင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်း တင်ပြရမယ်ဆိုရင် ဒီကိစ္စဖြစ်ပေါ်နေရတာ ကြာခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့လည်း ကျွန်တော်တို့ ဒီဘက် အစိုးရသစ် မတက်ခင်မှာ ကျွန်တော်တို့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အစိုးရသစ် တက်လာတဲ့အခါမှာ ဥပဒေ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတဲ့အတွက် ကျွန်တော်တို့က ဒီလိုရှေ့ပိုင်းက ရင်းနှီးမြှုပ်နှံခဲ့တာ ဆိုတာ မှန်ပေမယ့် ကျွန်တော်တို့အနေနဲ့ ခွင့်ပြုချက် မပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ခွင့်ပြုချက်ကလည်း ဝန်ကြီးဌာန အနေနဲ့ ပေးဖို့ဆိုတဲ့နေရာမှာ ဝန်ကြီးဌာနက ထောက်ခံပြီးတော့ ကျွန်တော်တို့က တိုင်းအစိုးရကို တင်ရပါတယ်။ တင်ပြီးတော့မှ ဒီဟာက ထောက်ခံချက် ရမှသာလျှင် ကျွန်တော်တို့ လ/န(၃၉) ပေးနိုင်တဲ့ အနေအထား ရှိပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့က ဒါ တိုင်းအစိုးရကလည်း တစ်ဖက်ကကြည့်ရင် သူက အပိုင်း(၁)၊ (၂)၊ (၃)ကို အဲဒီအချိန်က စစ်ဆေးတဲ့အခါမှာ ဒီရာနှုန်းပြည့် မပြီးသေးတာတော့ မှန်ပါတယ်။ အခု နောက်ပိုင်းမှာတော့ ဒီအပိုင်း(၁)၊ (၂)၊ (၃) အပိုင်းကလည်း (၃)ပိုင်းက ဒါ အကုန်လုံးနီးပါး (၉၀)ရာနှုန်း အထက် ပြီးတယ် ဆိုတာ ဒါ ကျွန်တော်တို့ကလည်း ထောက်ခံပေးထားတဲ့ အနေအထားမှာ ရှိပါတယ်။ အဲဒီတော့ အခု ကျွန်တော်က ပြန်ပြီးတော့ ဖြေကြားတဲ့အခါမှာကျတော့ ကျွန်တော်တို့ ဝန်ကြီးဌာန တစ်ခုတည်းအနေနဲ့ သို့မဟုတ်လို့ရှိရင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဒီလို မဟုတ်တော့ဘဲနဲ့ ကျွန်တော်တို့က ဒီလက်ရှိဖြစ်ပေါ်နေတဲ့ဟာတွေကို ဘယ်လိုပုံစံနဲ့ ဖြေရှင်းမလဲ။ ဖြေရှင်းတဲ့ဟာမှာ ကျွန်တော်တို့က ဒီဥပဒေအပိုင်းကို တာဝန်ယူတဲ့ ကျွန်တော်တို့ အကြံပေးတဲ့အနေနဲ့ ကျွန်တော်တို့

ရွှေနေချုပ်ရုံးကို မေးပါတယ်။ လယ်ယာမြေနဲ့ ပတ်သက်တဲ့အတွက် လယ်/ဆည်ဝန်ကြီးဌာနကို မေးပါတယ်။ ပြည်ထဲရေးကို မေးပါတယ်။ ရန်ကုန်တိုင်းကို မေးပါတယ်။ အားလုံးမေးပြီးတဲ့ အခါကျတော့မှ သူတို့က ဒါကို ဝန်ကြီးဌာနအနေနဲ့ အစကနေ ပြန်လျှောက်ပါဆိုရင်လည်း ကျွန်တော်တို့ ကနေပြီးတော့မှ ဒါအမြန်ဆုံးရရှိရန်နဲ့ စောစောက ဦးခင်ရွှေ ပြောတဲ့ သူ့ဘက်က အထောက်အထားတွေလည်း အများကြီး ရှိပါတယ်။ ဒါတွေနဲ့၊ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ဆက်ပြီးတော့မှ အမြန်ဆုံးဖြစ်မြောက်ရေးကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ဘယ်လောက်ကြာမယ် ဘာညာ ဆိုတာကတော့ ကျွန်တော်ကိုယ်တိုင် အနေနဲ့ စပြီးတော့ Initiate လုပ်ပြီးတော့ ကျွန်တော် တွန်းအားတိုက်အားနဲ့ လုပ်ပေးမှာ ဖြစ်ပါတယ်။ သို့ရာတွင် ဒီခွင့်ပြုတဲ့အပိုင်းကတော့ ကျွန်တော်တို့ အချိန်ကာလကတော့ ကျွန်တော်လည်း တင်ပြနိုင်ခြင်း မရှိပါဘူး။ သို့ရာတွင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ကတော့ ဒီလောက်လုပ်ထားတဲ့ဟာကို ရအောင် ကျွန်တော်တို့ တတ်နိုင်သမျှ ဆက်ပြီးတော့ ဥပဒေဘောင်ထဲကနေ ကြိုးစားဆောင်ရွက်ပေးသွားမယ်ဆိုတဲ့အကြောင်းလည်း ရှင်းလင်းတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခင် ဥပဒေ လ/န(၃၉) နဲ့ အခု ပုဒ်မ ၃၀ နဲ့ နံပါတ်လေး ပြောင်းလိုက်ပြီးတော့ ဆက်လုပ်လိုက်ရင် ရတဲ့ကိစ္စပဲ။ ၃၉ နဲ့ ၃၀ နဲ့ကလည်း သိပ်ထူးခြားတာမှ မဟုတ်ဘဲ။ အဲဒါကို ဝန်ကြီးအနေနဲ့ ဒီ Case ကို Cabinet တင်ပြပြီးတော့ ဒါအရင်ကတည်းက Project ဖြစ်တယ်။ (၃၉) နဲ့ (၃၀)နဲ့ (၉)နဲ့ (၀)နဲ့ပဲ လွဲနေတယ်။ ဒါလေးနဲ့ပတ်သက်လို့ အစိုးရအဖွဲ့က အဆုံးအဖြတ်ပေးပါဆိုရင်တော့ ပိုမြန်သွားမယ့်ကိစ္စ ရှိတာပေါ့ နော်။ အဲဒီလို ဆောင်ရွက်ကြည့်ပါ။

**ဦးကျော်လွင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ အဲဒီလို တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ မြေပြင်သာအုပ်စု သန်းကုန်းမှ မြို့လုလင်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ယခင် အသုံးပြုခဲ့သော ကျောက်ခင်းလမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းလွင် က မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ မြေပြင်သာအုပ်စု သန်းကုန်းမှ မြို့လုလင်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ယခင်အသုံးပြုခဲ့သော ကျောက်ခင်းလမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒုတိယဗိုလ်မှူးကြီးသိန်းလွင် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၈၂၇၄ ဒုတိယဗိုလ်မှူးကြီးသိန်းလွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ နယ်မြေဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်သော မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ မြေပြင်သာအုပ်စု သန်းကုန်းမှ မြို့လုလင်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ယခင်အသုံးပြုခဲ့သော လမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးမှလည်း မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်းမရှိစေရန်အတွက် လုပ်ငန်းစဉ် (၈)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေချိန်လည်း ဖြစ်ပါတယ်။ ဖော်ပြပါ လုပ်ငန်းစဉ်များအနက် လယ်ယာထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသထုတ်ကုန် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး စသည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြို့ရွာနှင့်၊ မြို့နှင့် ကျေးရွာချင်းဆက်လမ်းများမှာ မဖြစ်မနေ ဖောက်လုပ်ဆောင်ရွက်ရမယ့် အချက်သည် အဓိကဆောင်ရွက်ပေးရမည့်အချက် ဖြစ်ပါတယ်။

တင်ပြပါလမ်းပိုင်းဟာ ၁၉၉၉-၂၀၀၀ ခုနှစ်မှာ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ စွန်ချောင်းဆည် ဆောက်လုပ်ရန်အတွက် မြို့လုလင်-သန်းကုန်း-မြေပြင်သာ-စွန်ချောင်းဆည်အထိ (၈)မိုင်ခွဲခန့် မြေနီ/ချောင်းကျောက်ချောခင်းလမ်းအဖြစ် ဖောက်လုပ်ခဲ့ပါတယ်။ ပတ်ဝန်းကျင် ကျေးရွာများဖြစ်သော ရွှေပန်းအုပ်စု၊ ဘောအုပ်စု၊ ဇီးလုံးအုပ်စု၊ ဆူးတပ်ကြီးအုပ်စု၊ မြေပြင်သာအုပ်စု၊ အိုင်မအုပ်စု၊ ကွင်းကြီးအုပ်စု၊ အိုင်မဲအုပ်စု တို့မှ အိမ်ခြေ(၄၄၉၅)စု၊ လူဦးရေ(၂၂၈၆၀)ဦးတို့ဟာ တောင်တွင်းကြီးနှင့် မြို့သစ်မြို့တို့ကို သွားလာရန်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ဒေသထွက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ မြို့ပေါ်ဈေးကွက်များသို့ တင်ပို့ရောင်းချခြင်း၊ ဒေသခံများမှ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ ကျန်းမာရေးနှင့် ပညာရေးအတွက် မြို့လုလင်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ တောင်တွင်းကြီးမြို့ပေါ် အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ယူနိုင်ရန်အတွက် ယင်းလမ်းကို အဓိကထားပြီး အသုံးပြုခဲ့ပါတယ်။


၂၀၀၉-၂၀၁၀ ခုနှစ်မှာ နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသစ် ဖောက်လုပ်ခဲ့ပါသဖြင့် တင်ပြပါ အသုံးပြုခဲ့သော သန်းကုန်း-မြို့လုလင် လမ်းပိုင်းအား ပြုပြင်မွမ်းမံခြင်း မရှိဘဲ ထားရှိခဲ့သောကြောင့် ပတ်ဝန်းကျင်ကျေးရွာပြည်သူများ အသုံးပြုရာမှာ အခက်အခဲဖြစ်ပေါ်လျက်ရှိပါတယ်။ အဓိကအကြောင်းမှာ မြို့လုလင်၊ တောင်တွင်းကြီးမြို့နှင့် အခြားမြို့များသို့ သွားရောက်လိုပါက သန်းကုန်း

လမ်းဆုံမှ တောင်ညို-မကွေး ကားလမ်းအတိုင်း မြို့သစ်မြို့အဝင်အထိ ၎င်းမှ မြို့သစ်- တောင်တွင်းကြီး ကားလမ်းအတိုင်း မြို့လုလင်အထိ (၈.၃၆)မိုင်ခန့် ကွေ့ပတ်သွားရပြီး သန်းကုန်းမှ မြို့လုလင်သို့ တိုက်ရိုက် လမ်းပိုင်းဖြင့် သွားရောက်ပါက (၁.၇)မိုင်သာရှိသဖြင့် ခရီးအကွာအဝေး (၆.၆၁)မိုင်နှင့် အချိန်ကြန့်ကြာမှု သက်သာစေမှာ ဖြစ်ပါတယ်။ အထူးသဖြင့် မြို့လုလင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ တက်ရောက် ပညာသင်ကြားလျက်ရှိတဲ့ ကျောင်းသူ/ကျောင်းသား (၈၀)ခန့်ဟာ တင်ပြပါလမ်းပိုင်းအား နေ့စဉ်အသုံးပြုလျက်ရှိပြီး လမ်းပြုပြင်ခြင်း မရှိသောကြောင့် ယခုအချိန်ကာလမှာ မော်တော်ဆိုင်ကယ်၊ စက်ဘီးများဖြင့် သွားလာနိုင်ခြင်းမရှိဘဲ ခြေလျင်ဖြင့်သာ သွားရောက်ပညာသင်လျက်ရှိတာကို တွေ့ရှိရ ပါတယ်။ ပတ်ဝန်းကျင်ကျေးရွာနေ ပြည်သူများ၏ ဖော်ပြပါ အခက်အခဲများကြောင့် သန်းကုန်း-မြို့လုလင် လမ်းပိုင်း (၁.၇)မိုင်ခန့်အား ပြန်လည်ပြုပြင် အဆင့်မြှင့်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းကြောင်းအား PoWer Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်း အပ်ပါတယ်။ တင်ပြပါ မြို့သစ်မြို့နယ် လမ်းကြောင်းပြမြေပုံ ဖြစ်ပါတယ်။ နောက် သန်းကုန်း-မြို့လုလင် လမ်းကြောင်းဟာ ကောင်းကင်ဓာတ်ပုံ ဖြစ်ပါတယ်။ ကျွန်တော်တို့ သန်းကုန်းလမ်းဆုံ ကနေပြီးတော့မှ မြို့လုလင်ကို ကွေ့ပတ်သွားမယ်ဆိုရင် (၈.၃၆)မိုင်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒဲ့ဆိုရင် (၁.၇)မိုင်ရှိ ပါတယ်။ ဒါ ကျွန်တော်တို့ သန်းကုန်းဘက်က လမ်းကြောင်းရဲ့ အဝင်အနေအထား ရှိပါတယ်။ ဒါ မြို့လုလင် ဘက်က အဝင်အနေအထား ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် မကွေးတိုင်း ဒေသကြီး၊ မြို့သစ်မြို့၊ မြေပြင်သာအုပ်စုမှ သန်းကုန်း-မြို့လုလင်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ယခင် အသုံးပြုခဲ့သော လမ်းခင်းအပိုင်းအား ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင် ပြုပြင် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

မြို့သစ်မြို့နယ်အတွင်းရှိ လမ်းကြောင်းပြမြေပုံ (စစ)



သန်းကုန်းကျေးရွာ မြို့လုလင်လမ်းကြောင်း ကောင်းကင်ဓာတ်ပုံ (စစ)




သန်းကုန်းကျေးရွာ မြို့လုလင်လမ်းကြောင်း လက်ရှိအခြေအနေ မြင်ကွင်းပုံ (စစ)



**လှိုင်ကော်မြို့ စက်မှုရပ်ကွက်အား စက်မှုဇုန်တစ်ခုအဖြစ် အဆင့်တိုးမြှင့်ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နော်မေးရီယန်က လှိုင်ကော်မြို့ စက်မှုရပ်ကွက်အား စက်မှုဇုန်တစ်ခုအဖြစ် အဆင့်တိုးမြှင့် ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဒေါ်နော်မေးရီယန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပညာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်မေးရီယန် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကယားပြည်နယ်၊ လှိုင်ကော်မြို့၏ လက်ရှိ အမှတ်(၁) စက်မှုရပ်ကွက်အား စက်မှုဇုန်တစ်ခုအဖြစ် အဆင့်တိုးမြှင့် ထူထောင်ပေးရန် စပ်လျဉ်းသည့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကယားပြည်နယ်ဟာ အခြားပြည်နယ်၊ တိုင်းဒေသများနဲ့ နှိုင်းယှဉ်ရင် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိသော ပြည်နယ် ဖြစ်ပါတယ်။ ကယားပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအသီးသီးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အနက် စက်မှုကဏ္ဍဟာ ပြည်နယ်ရဲ့ GDP လျင်မြန်စွာ တိုးတက်နိုင်မှုအတွက် လွန်စွာအရေးပါတယ် ဆိုတာ တင်ပြလိုပါတယ်။ ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ပြည်နယ်အတွင်း စက်မှုရပ်ကွက်များ တည်ထောင်ဖော်ထုတ်ကြိုးပမ်း အားထုတ်လျက်ရှိရာ အမှတ်(၁)စက်မှုရပ်ကွက်ရှိ လက်ရှိ လုပ်ဆောင်မှုများမှာ အနာဂတ်အတွက် စက်မှုလုပ်ငန်းများ ကြီးထွားဖွံ့ဖြိုးတိုးတက်လာနိုင်တဲ့ အလားအလာကောင်းများနဲ့ အတူ တွေ့ရှိနေရပါတယ်။ လက်ရှိ အမှတ်(၁)စက်မှုရပ်ကွက်ဟာ လှိုင်ကော်မြို့ရဲ့ မြောက်ဖက်(၃)မိုင်ခန့် အကွာ နွားလဝိုးကျေးရွာအနီးမှာ တည်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point ဖြင့် တင်ပြခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်ရှင့်။ လှိုင်ကော်မြို့ အမှတ်(၁)စက်မှုရပ်ကွက် မြေဧရိယာအကျယ်(၈၁၇.၄၆)ဧကရှိပြီး ပေ(၁၀၀) ပတ်လည် မြေကွက်(၅၇၄)ကွက်နှင့် (၂၀၀ ပေ × ၂၁၂ ပေ) မြေကွက်(၄၁၅)ကွက် ဖော်ထုတ်ထားလျက်ရှိပါတယ်။ အမှတ်(၁) စက်မှုရပ်ကွက်ကို ပြည်နယ်အဆင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များနဲ့ လုပ်ငန်းရှင်များပါဝင်တဲ့ စက်မှု လုပ်ငန်းကြီးကြပ်ရေးကော်မတီကိုလည်းကောင်း၊ စက်မှုလုပ်ငန်းရှင်များ ပါဝင်တဲ့ စက်မှုစီမံခန့်ခွဲရေး ကော်မတီကိုလည်းကောင်း ဖွဲ့စည်းလုပ်ကိုင်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လက်ရှိ အမှတ်(၁) စက်မှုရပ်ကွက် စက်မှုဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်ရာမှာ ၂၀၁၂ ခုနှစ်အထိ ဘဏ်စာရင်း လက်ကျန်ငွေ ကျပ်(၁၈)သိန်းခန့်ရှိပြီး ဘဏ္ဍာငွေများကို အဆိုပါ

စက်မှုရပ်ကွက် စီမံခန့်ခွဲရေးကော်မတီမှ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်များ ထားရှိလျက် စာရင်းနည်းလမ်းတကျ ဆောင်ရွက်လုပ်ကိုင်လျက်ရှိပါတယ်။ စက်မှုလုပ်ငန်းရပ်ကွက်မှာ စက်မှုလက်မှုလုပ်ငန်းရှင်(၆၀)ဦးခန့်ရှိရာ ဆီစက်လုပ်ငန်း၊ ဆန်စက်၊ ချည်စက်လုပ်ငန်းများ၊ သံဂဟေနှင့်ဝပ်ရှော့ စသည်တို့ဖြင့် အမယ်မျိုးစုံ ပါဝင်ပါတယ်။ သတ္တုသန့်စင်စက်ရုံ၊ ပီနံအိတ်ထုတ်စက်ရုံ၊ အသားတုလုပ်ငန်းစက်ရုံ တို့ကိုလည်း တိုးချဲ့ထူထောင်ရန် စီစဥ်ထားပါတယ်။ စက်မှုဇုန်တစ်ခုအဖြစ် တည်ထောင်ရာမှာ အခြား မရှိမဖြစ် လိုအပ်တဲ့ စက်မှုလုပ်ငန်းသုံး ရေလုံလောက်စွာ ရရှိနိုင်တဲ့ သဘာဝရေထွက်တို့ဟာ စက်မှုနယ်မြေအတွင်းမှာ ရှိနေပြီး ရေလှောင်တမံငယ်များ တည်ဆောက်ခြင်းဖြင့် သိုလှောင်ရေ အလျှံအပယ် ရရှိနိုင်ပါတယ်။ ဒါ့အပြင် မြေအောက် အဝီစိတွင်းများလည်း လွယ်ကူစွာ တူးဖော်သုံးစွဲနိုင်ပါတယ်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာမှာ အဓိကကျတဲ့ လျှပ်စစ်မီးကိုလည်း နိုင်ငံတော် ဓာတ်အားစနစ် (Natrional Grid) နဲ့ ချိတ်ဆက်ရရှိထားပြီး ဖြစ်ပါတယ်။ ဓာတ်အားခွဲရုံ 5 MVA Sub-Station တည်ဆောက်ထားပြီး Transformer 315 KVA များလည်း တပ်ဆင်ထားပါတယ်။ စက်မှုရပ်ကွက်မှာ ဝန်ထမ်းနေအိမ်၊ မီးသတ်စခန်း ထူထောင်ထားရှိမှု၊ မီးသတ်ယာဥ် ဝယ်ယူထားရှိမှု၊ စက်မှုရပ်ကွက်ရှိ လူ(၃၀၀)ဦးခန့် စုပေါင်းစည်းဝေးခန်းမနဲ့ အောင်မင်္ဂလာဈေး တည်ဆောက်ထားပြီး ဖြစ်ပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ရှေ့ပိုင်းမှာ တင်ပြဆွေးနွေးခဲ့တဲ့အတိုင်းပဲ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လက်ရှိ အမှတ်(၁)စက်မှုရပ်ကွက်ဟာ စက်မှုဇုန်တစ်ခုအဖြစ် အဆင့်တိုးမြှင့်ထူထောင်ပေးရန် တွေ့ရှိနေရသော လက်ရှိ အခြေအနေကောင်းများနှင့် ရှေ့အလားအလာများမှာ လျှပ်စစ်မီး (၂၄)နာရီ ရရှိသုံးစွဲနိုင်ခြင်း၊ စက်မှုနယ်မြေအတွင်း သုံးရေလုံလောက်စွာရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လွိုင်ကော်နဲ့ နီးကပ်စွာ တည်ရှိခြင်း၊ နောင် ဖြစ်လာမယ့် စက်မှုဇုန်ကို အဆင့်လိုက် တိုးချဲ့လုပ်ကိုင်နိုင်ရန် မြေနေရာ အလုံအလောက်ရှိခြင်း၊ နောက်ပိုင်းတွင် နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှာ ဖြစ်ထွန်းလာပါက တစ်ဖက်နိုင်ငံနှင့်ဆက်စပ်၍ စက်မှုဖွံ့ဖြိုးမှုကဏ္ဍ မျိုးစုံကို ပူးပေါင်းလုပ်ကိုင်နိုင်မည်ဖြစ်ခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိတဲ့ ကယားပြည်နယ်ဟာ ဖွံ့ဖြိုးစည်ပင်လာပြီး လူမှုစီးပွားဘဝ မြင့်မားလာ၍ တစ်ဦးချင်းဝင်ငွေ တိုးတက်လာမည်ဖြစ်ခြင်း စတဲ့ အကျိုးကျေးဇူးများ မုချပေါ်ထွက်လာမည်ဟု ခံစားရမည်လို့ သုံးသပ်လိုပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါ မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ (၁)လွိုင်ကော်မြို့အနီး နွားလပိုးဒေသရှိ အမှတ်(၁)စက်မှုရပ်ကွက်အား စက်မှုဇုန် (လွိုင်ကော်) အဖြစ် အဆင့်တိုးမြှင့် ထူထောင်ပေးရန် အစီအစဥ် ရှိ/မရှိ နှင့် အစီအစဥ် ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုပါတယ်။ (၂) လက်ရှိအခြေအနေတွင် နိုင်ငံတော်အနေဖြင့် SME ဖွံ့ဖြိုးလာစေမှုအတွက် နည်းပညာနှင့် ငွေကြေးချေးငှားထောက်ပံ့မယ့် အစီအစဥ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အခက်အခဲ ကန့်သတ်ချက်များဖြင့် ဖြစ်သည်တို့ကို သိရှိလိုပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမှတ်(၁) စက်မှုရပ်ကွက် တည်နေရာပြမြေပုံ (စစ)




အမှတ်(၁) စက်မှုရပ်ကွက် အတွင်းမြေကွက်များ ဖော်ထုတ်ထားရှိမှုပြ မြေပုံ (စစ)



အမှတ်(၁) စက်မှုရပ်ကွက် (5 MVA)ဓာတ်အားခွဲရုံ ထရန်စဖော်မာ ပုံ (စစ)




**လှည်းကူးမြို့နယ်၊ မအူကျေးရွာကို ပဲခူးမြစ်ရေ တိုက်စားမှုမှ ထိရောက်စွာ ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က လှည်းကူးမြို့နယ်၊ မအူကျေးရွာကို ပဲခူးမြစ်ရေ တိုက်စားမှုမှ ထိရောက်စွာ ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မအူကျေးရွာတွင် မြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားသည့် ဖြစ်ရပ်များအပေါ် မည်ကဲ့သို့ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လှည်းကူးမြို့နယ်၊ မအူကျေးရွာဟာ ပဲခူးမြစ် အနောက်ဖက်ခြမ်း ကမ်းနားမှာတည်ရှိပြီး တည်ရှိတဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ အိမ်ခြေပေါင်း(၄၉၁)အိမ် ရှိပြီး အိမ်ထောင်စုပေါင်း(၅၄၁)အိမ်ထောင် ရှိပြီးတော့ လူဦးရေပေါင်း(၂၀၇၇)ဦး နေထိုင်လျက်ရှိပါတယ်။ အဆိုပါ ရွာဟာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး နေထိုင်လျက်ရှိကြပါတယ်။ မြစ်ရေ တိုက်စားမှုကြောင့် နှစ်စဉ် ကမ်းပါး ပြိုကျမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ မအူကျေးရွာမှာ ၁၉၈၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ပြည်တော်အေး

ဘုရားတစ်ဆူ၊ ကိုးနဝင်းဘုရားတစ်ဆူ၊ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတစ်ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်း၊ အိမ်ခြေ(၈၀)ခန့် ကမ်းပြိုကျမှုကြောင့် ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၂ မှ ၂၀၁၄ ခုနှစ်အတွင်းမှာလည်း နေအိမ်(၁၀)လုံးပြိုကျပြီး ပြန်လည်ပြောင်းရွှေ့ နေထိုင်ခဲ့ရကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး PoWer Point ဖြင့် တင်သွင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြစ်ကမ်းနားမှာ မကြာခင် ပြိုကျ တော့မယ့် အိမ်တွေ ဖြစ်ပါတယ်။ ဒါကတော့ ပြိုကျသွားပြီးဖြစ်တဲ့ ကျွန်တော်တို့ မအူကျေးရွာ ကမ်းနားမှာ ရှိတဲ့ အပိုင်းဖြစ်ပါတယ်။ ဒါကတော့ အိမ်တွေပြိုကျပြီးတော့ ကျန်ခဲ့တဲ့အပိုင်း ဖြစ်ပါတယ်။ ဒါကလည်း အိမ်တွေ တောက်လျှောက်ပြိုကျပြီးတော့ ကျန်ခဲ့တဲ့အပိုင်း ဖြစ်ပါတယ်။ ဒါ မကြာခင်ကာလမှာ ပြိုကျ တော့မှာဖြစ်တဲ့ ကမ်းနားမှာရှိတဲ့ အုပ်ချုပ်ရေးမှူးရုံး ဖြစ်ပါတယ်။

သို့ပါ၍ နှစ်စဉ် ရေတိုက်စား ပြိုကျမှုများ ဖြစ်ပေါ်လျက် ရှိနေတဲ့သောကြောင့် နေအိမ်များ ပြောင်းရွှေ့ပြီး ရွာပြင်သို့ ထွက်ပြီး ပြန်လည်နေရာချထား ပြောင်းရွှေ့နေထိုင်ကြရကြောင်း သိရှိခဲ့ရပါတယ်။ မြစ်ရေတိုက်စားမှု မဖြစ်ပေါ်စေရန် ရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်။

(က) ပဲခူးမြစ်ရေတိုက်စားမှုမှ ထိရောက်စွာကာကွယ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ (ခ) ရှိပါက မည်သည့် ဘဏ္ဍာရေးကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ပြိုကျလုနီးပါးဖြစ်နေသော မြင်ကွင်းပုံ (စစ)



ကမ်းပြိုကျပြီး မအူပင်ကျေးရွာ မြင်ကွင်းပုံ(စစ)




အိမ်များပြိုကျပြီး ကျန်ရှိသော မြင်ကွင်းပုံ (စစ)



**ကန်ပက်လက်မြို့နယ်၊ မာကြားအုပ်စုမှ ခါရိုင်းအုပ်စုသို့ ဆက်သွယ်သွားလာနိုင်မည့် မုန်းချောင်းသံကူ ကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း က ကန်ပက်လက်မြို့နယ်၊ မာကြားအုပ်စုမှ ခါရိုင်းအုပ်စုသို့ ဆက်သွယ်သွားလာနိုင်မည့် မုန်းချောင်းသံကူ ကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြကုန်သော ဂုဏ်သရေရှိ လူကြီးမင်းများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကန်ပက်လက်မြို့နယ်၊ မာကြားအုပ်စု၊ မာကြားရွာနှင့် ခါရိုင်းအုပ်စုသို့ ဆက်သွယ်မည့် ကားလမ်းနေရာမှာ မုန်းချောင်းသံကူကွန်ကရစ် သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ပက်လက်မြို့နယ်မှာ မုန်းချောင်းဟာ ကန်ပက်လက်မြို့နယ်ရဲ့ အနောက်မြောက်ဘက်ကနေ အရှေ့တောင်ဘက်ကို စီးဆင်းဖြတ်သန်းလျက်ရှိပါတယ်။ မုန်းချောင်းရဲ့အောက်ပိုင်းဒေသများမှာ ကားငယ်ကူးကြိုးတံတား ရှိသော်ငြားလည်း မုန်းချောင်းရဲ့ အထက်ပိုင်းဒေသမှာ တံတားမရှိတဲ့အတွက်ကြောင့် လမ်းပန်းဆက်သွယ်ရေးအပိုင်းမှာ အင်မတန်မှ အားနည်းလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ပွင့်လင်းရာသီမှာ မာကြားအုပ်စုနဲ့ ခါရိုင်းအုပ်စုချင်း ကားလမ်းကို ပြန်လည်ဖောက်လုပ်ဖို့ရာအတွက် ကုမ္ပဏီကနေပြီးတော့မှ တာဝန်ယူထားတာ ဖြစ်ပါတယ်။ တစ်ပါတည်းပဲ အဲဒီကားလမ်းဖောက်တာနဲ့ တစ်ပြိုင်နက် ဒီမုန်းချောင်းတံတားကိုလည်းပဲ ဆောက်ပေးနိုင်မယ်ဆိုရင် အဲဒီကန်ပက်လက်ဒေသမှာ တချို့ဒေသရဲ့ အနေအထားအရ အများစုဒေသဟာ များစွာအကျိုးပြုမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီတံတားကို တင်ပြလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မာကြားအုပ်စုနှင့် ခါရိုင်းအုပ်စုကြား ကားလမ်းနေရာမှာ မုန်းချောင်းမှာ အမာခံဘေလီတံတား ကွန်ကရစ်တံတား ဆောက်လုပ်ပေးနိုင်ဖို့ရာအတွက် ပြည်ထောင်စုအစိုးရမှ အစီအစဉ် ရှိ/မရှိ ကို လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၇။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းလွင် မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာအုပ်စု သန်းကုံးကျေးရွာကနေပြီးတော့ မြို့လုလင်အုပ်စု မြို့လုလင်ကျေးရွာကို ဆက်သွယ်ဖောက်လုပ်ထားတဲ့လမ်းဟာ အရှည်(၂)မိုင်ခန့် ရှိပြီးတော့ ယခုလက်ရှိအခြေအနေဟာ မြေသားလမ်းအဆင့်သာ ရှိတဲ့အတွက်ကြောင့် အဆိုပါလမ်းကို ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင်ပေးမည်ဆိုပါက ကျောက်ချောလမ်းအဆင့် ဆောင်ရွက် ခြင်း၊ ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း(၁၁၁၂)သိန်း ကုန်ကျမှာ ဖြစ်ပါတယ်။ အဆိုပါ လမ်းပိုင်းအား ရာသီ မရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင်ပြုပြင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေး သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နော်မေးရီယန် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကယားပြည်နယ် အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

စက်မှုရပ်ကွက် အပိုင်း(၁)ဟာ လွိုင်ကော်မြို့ရဲ့ မြောက်ဘက်(၃)မိုင်ခန့်အကွာ နွားလဝိုး ကျေးရွာအနီးမှာ တည်ရှိပါတယ်။ ၃၀-၉-၂၀၀၇ ရက်နေ့မှာ စတင် တည်ထောင်ခဲ့ပြီးတော့ ဖော်ထုတ်ပြီးတဲ့ မြေကွက်ပေါင်းဟာ (၅၇၉)ကွက်ရှိပြီးတော့ မြေအကျယ်အဝန်း အားဖြင့် (၂၆၉.၄၆)ဧက ရှိပါတယ်။ စားသောက်ရေးဆိုင်ရာလုပ်ငန်း(၂၀)ခု၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း (၁)ခု၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း (၂၃)ခု၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း(၄)ခု၊ အိမ်သုံး ပစ္စည်းလုပ်ငန်း(၂)ခု၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်း(၄)ခု၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း(၁)ခု၊ အထွေထွေစက်မှုလုပ်ငန်း(၄)ခု စုစုပေါင်း လုပ်ငန်းအရေအတွက် (၇၅)ခုကို မြေလွတ်ပေါင်း(၄၉၈)ကွက်၊ မြေဧကအကျယ်အဝန်း (၁၁၄.၅၄)ဧကမှာ နေရာချထားပေးခဲ့ပြီး ဖြစ်ပါတယ်။ မြေကွက်ပေါင်း (၂၉)ကွက်နဲ့ မြေဧကအကျယ်အဝန်း (၆.၆၇)ဧကမှာ နေရာချထားပေးရန် မြေကွက်လွတ်များ ကျန်ရှိပါတယ်။ စက်မှုရပ်ကွက် အပိုင်း(၂)ကို ဖော်ထုတ်ပြီးတော့ ဧက(၃၄)ဧက ရှိပြီး တော့ စက်မှုရပ်ကွက် အပိုင်း(၁)နှင့် ဆက်စပ်လျက်ရှိပါတယ်။ လုပ်ငန်းအမျိုးအစား အရေအတွက်ပေါ် မူတည်ပြီးတော့ လုပ်ငန်းရှင်များမှ တင်ပြလာပါက စက်မှုဇုန်အဖြစ် တိုးချဲ့ဆောင်ရွက်သွားရန် လျာထားမှု ရှိပါတယ်။

ဈေးငွေကိစ္စနှင့်ပတ်သက်ပြီး နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် တစ်ခုမှာ ငွေကျပ်(၁)ဘီလီယံစီ ထုတ်ချေးရန် ညွှန်ကြားမှုအရ ကယားပြည်နယ် စက်မှုလက်မှု ကြီးကြပ်

ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှာရှိတဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ ပြည်နယ်အတွင်းမှာရှိတဲ့ ပုဂ္ဂလိက စက်မှုမှတ်ပုံတင်ထားသော လုပ်ငန်းရှင်များကို ချေးငွေများ လျှောက်ထားနိုင်ကြောင်းနဲ့ ချေးငွေ လျှောက်ထားရာမှာ တင်ပြရမည့် အထောက်အထားများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် အသိပေးအကြောင်းကြားဆောင်ရွက်ခဲ့ပါတယ်။ မြို့နယ်အလိုက် ချေးငွေလျှောက်ထားသူ (၃၈)ဦးရှိပြီးတော့ ပြည်နယ်အစိုးရ၏ လမ်းညွှန်ကြီးကြပ်စိစစ်မှုဖြင့် အချက်အလက်ပြည့်စုံသူ(၁၈)ဦးကို အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ပေးခြင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။

နည်းပညာနှင့်ပတ်သက်ပြီးတော့ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အောက်မှာရှိတဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနဟာ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များကို နည်းပညာရရှိနိုင်ရန် ရည်ရွယ်ပြီးတော့ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိပါတယ်။ ပဲ၊ ပြောင်း၊ ဆန်စပါး၊ လက်ဖက် စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲများကို ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ FRITZ နှင့် လည်းကောင်း၊ Forging and Foundry Technology Transfer Training ကို မန္တလေးမြို့၊ ရန်ကုန်မြို့မှာရှိတဲ့ တောင်ဒဂုံစက်မှုဇုန်(၃)မှာရှိတဲ့ PUM Netherland Expert Group နှင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပြီး Korea, Japan နိုင်ငံမှာရှိတဲ့ SME လုပ်ငန်းရှင်များနှင့် မိမိတို့နိုင်ငံမှာရှိတဲ့ SME လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပပေးခြင်းဖြင့်လည်းကောင်း Technology Transfer ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဌာနသို့ လာရောက်စုံစမ်းတဲ့ လုပ်ငန်းရှင်များအား လိုအပ်သော သတင်းအချက်အလက်များ၊ အကြံဉာဏ်များ ပေးနိုင်ရန်အတွက်ကို လက်ခံတွေ့ဆုံ အကြံပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် မေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနှင့် ပဲခူးမြို့နှင့် ဆက်စပ်ဒေသများ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေး၊ ရေတိုက်စားမှု ကာကွယ်ရေးအတွက် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု သီးသန့်ရန်ပုံငွေဖြင့် ပဲခူးမြစ်မြစ်ကြောင်း ပြုပြင်ခြင်းလုပ်ငန်းများအတွက် ပဲခူးမြို့နယ်အတွင်း ငှက်ပျောတောကျေးရွာအနီးနှင့် ထုံးကလေးကျေးရွာအနီးတို့မှာ မြစ်ကွေးဖြောင့်ခြင်း၊ ရေလွှဲရေကာတာများ တည်ဆောက်ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ပဲခူးမြို့၊ မြို့ဦးကင်းကျေးရွာနဲ့ မြို့လေးရွာအနီးမှာ ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းတွေကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မအူကျေးရွာဟာ ပဲခူးမြစ်အနောက်ဖက်ကမ်းနားမှာ တည်ရှိပြီးတော့ အိမ်ခြေပေါင်း(၄၂၈)အိမ်၊ လူဦးရေပေါင်း(၁၆၄၁)ဦး နေထိုင်ပြီးတော့ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်လျက်ရှိပါတယ်။ မြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ် ကမ်းပြိုကျမှုများနှင့် ကြုံတွေ့နေရပါတယ်။ လှည်းကူးမြို့နယ်၊ မအူကျေးရွာ ပဲခူးမြစ်ရေ တိုက်စား

ပြီးတော့ ကမ်းပြိုမှုကို ကာကွယ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ဒေသ(၁) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒေသ(၁) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်း တိုင်းတာခဲ့တဲ့အခါမှာ စုစုပေါင်းကမ်းပြိုမှုဟာ အလျား (၃၁၅၀)ပေရှိသည့်အနက် လူနေအိမ်ခြေများနှင့် နီးစပ်တဲ့ အလျား(၁၅၂၀)ပေကို ပထမဦးစားပေး အဖြစ် ကာကွယ်နိုင်ရေးအတွက်ကို ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုသီးသန့်ရန်ပုံငွေ ခန့်မှန်း ကုန်ကျငွေ (၄၁၁.၁၂)သန်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ရန်ကုန်တိုင်းဒေသကြီးမှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ကန်ပက်လက်မြို့နယ်၊ မာကြားရွာမှ ခါရိုင်းရွာသို့ ဆက်သွယ်နိုင်မည့် မုန်းချောင်း သံကူကွန်ကရစ် တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့ မေးခွန်းမှာ ကျေးရွာများရဲ့ အိမ်ခြေလူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ မာကြားကျေးရွာဟာ အိမ်ခြေ (၆)အိမ်ရှိပြီးတော့ လူဦးရေ(၃၂)ဦး ဖြစ်ပါတယ်။ ခါရိုင်းကျေးရွာဟာ အိမ်ခြေ(၆၀)ရှိပြီးတော့ လူဦးရေဟာ (၄၂၁)ဦး ဖြစ်ပါတယ်။

ကန်ပက်လက်မြို့နယ်၊ မာကြားကျေးရွာမှ ခါရိုင်းရွာသို့ ဆက်သွယ်တဲ့ လမ်းဟာ မာကြားရွာက နေပြီးတော့ မုန်းချောင်းအထိကို (၈)မိုင်ရှိပါတယ်။ မုန်းချောင်းကနေပြီးတော့ ခါရိုင်းရွာကျေးရွာအထိကို (၈)မိုင်ဖြစ်ပြီးတော့ လူသွားလမ်း ဖြစ်ပါတယ်။ ၎င်း မုန်းချောင်းသံကွန်ကရစ်တံတား သို့မဟုတ် ဘေလီ တံတားဖြင့် တည်ဆောက်ပေးမည်ဆိုလို့ရှိရင် အရှည်ပေ(၃၀၀) လိုအပ်မည် ဖြစ်ပါတယ်။ ချင်းပြည်နယ် အစိုးရအဖွဲ့ဟာ ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတော်မှ ဖွံ့ဖြိုးရေးထောက်ပံ့ငွေဖြင့်လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မှတစ်ဆင့် ကျေးလက် လမ်း၊ တံတား၊ ရေပေးရေး၊ ဆိုလာစနစ်ဖြင့် မီးလင်းရေး၊ ယင်လုံအိမ်သာ၊ ကျေးလက်အိမ်ရာများအား ချင်းပြည်နယ် အတွင်းမှာရှိတဲ့ မြို့နယ်(၉)မြို့နယ်တို့ကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ကော်မတီ များမှ ဆွေးနွေးဆုံးဖြတ် တင်ပြလာသည့် ဒေသ လိုအပ်ချက်များကို ဦးစားပေး အစီအစဉ်နှင့် အစိုးရ အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်များဖြင့် နှစ် အလိုက် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကန်ပက်လက်မြို့နယ်၊ မာကြားအုပ်စု၊ မာကြားရွာနှင့် ခါရိုင်းအုပ်စုတို့ ဆက်သွယ်သွားလာ နိုင်မည့် သံကူကွန်ကရစ်တံတားနှင့် ဘေလီတံတားအစားကို ကားကူးကြိုးတံတားအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ကို တင်ပြပြီးတော့ ရန်ပုံငွေ ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**နေ့စဉ် မြန်မာတစ်ပြည်လုံးရှိ စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသော စက်သုံးဆီအမျိုးမျိုး၏ အရည်အသွေး အချိန်အတွယ်များ ပြည့်မပြည့်နှင့် စစ်ဆေးသတ်မှတ်ချက်နှင့် မပြည့်စုံသော ဆိုင်များ အား မည်ကဲ့သို့ အရေးယူ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇဝန က နေ့စဉ်မြန်မာတစ်ပြည်လုံးရှိ စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသော စက်သုံးဆီအမျိုးမျိုး၏ အရည်အသွေး အချိန်အတွယ်များ ပြည့်မပြည့်နှင့် စစ်ဆေးသတ်မှတ်ချက်နှင့် မပြည့်စုံသောဆိုင်များအား မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဗိုလ်မှူးဇဝန (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၃၀၄၈ ဗိုလ်မှူးဇဝန ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဒီကနေ့ကျွန်တော် မေးမြန်းသွားမယ့် မေးခွန်းကတော့ နေ့စဉ် မြန်မာတစ်ပြည်လုံးရှိ စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသော စက်သုံးဆီအမျိုးမျိုး၏ အရည်အသွေး အချိန်အတွယ်များ ပြည့်မပြည့်နှင့် စစ်ဆေးသတ်မှတ်ချက်နှင့် မပြည့်စုံသော ဆိုင်များအား မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်အား သိရှိလိုသော ကြယ်ပွင့်ပြ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမေးရခြင်း ရည်ရွယ်ချက် ကတော့ တစ်နေ့တစ်ခြား များပြားလာတဲ့ ယာဉ်တွေအတွက် နေ့စဉ်မရှိမဖြစ်၊ မထည့်မဖြစ် လိုအပ်သော စက်သုံးဆီများ ထည့်နေရသော အနယ်နယ်အရပ်ရပ်က စက်သုံးဆီဆိုင်တွေပေါ်မှာ အဓိက အားကိုးနေရသော ယာဉ်ပိုင်ရှင် ပြည်သူတစ်ရပ်လုံးရဲ့ကိုယ်စား အဓိကရည်ရွယ်ပြီး မေးမြန်းရခြင်းလည်း ဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ တစ်နိုင်ငံလုံး မှတ်ပုံတင်ထားသော ယာဉ်စီးရေ အရေအတွက်ဟာ (၆၁၈၆၆၁)စီးအထိ ရှိလို့နေပြီ ဖြစ်ပါတယ်။ ဒီအစီးရေ တွေထဲမှာ အစိုးရနှင့် ပုဂ္ဂလိကဌာနဆိုင်ရာယာဉ်များ၊ လူစီးယာဉ်၊ ခရီးသည်တင်ယာဉ်များ၊ အခြားယာဉ်များဖြစ်တဲ့ (၂)ဘီးတပ်ယာဉ်၊ (၃)ဘီးတပ်ယာဉ်နဲ့ ထော်လာဂျီ စက်ယန္တရားများ အပါအဝင် လည်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုများပြားလှတဲ့ ယာဉ်တွေဟာ နေ့စဉ် သွားလာလှုပ်ရှားဖို့ဆိုရင် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စက်သုံးဆီဆိုင်ပေါင်း(၁၂၆၉)ဆိုင်၊ အခု ကျွန်တော် မေးခွန်းမေးနေတဲ့ အချိန်မှာတော့ (၁၃၀၀)ဆိုင်လောက်တော့ ရှိပြီလို့ ယူဆရပါတယ်။ အဲဒီဆိုင်တွေမှာပဲ ဝယ်ယူအသုံးပြုလျက်ရှိကြ ပါတယ်။ ရောင်းချမှုများမှာ အကြမ်းအားဖြင့် ကျွန်တော်တို့ တစ်ရက်ပျှမ်းမျှ ရောင်းချရသောဂါလံကို တင်ပြရမယ်ဆိုရင် ဓာတ်ဆီအားဖြင့် တစ်နေ့ကို (၄)သိန်းခွဲဂါလန်နှင့် ဒီဇယ်မှာ (၇၅၀၀၀၀)အထိ ရှိကြောင်း လည်း သိရှိရပါတယ်။

ယခုကဲ့သို့ နေ့စဉ် စက်သုံးဆီများအား အရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ကို စွမ်းအင်ဝန်ကြီးဌာန၊ ပြည်တွင်းမြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်မှာဖြစ်တဲ့ အမှတ်(၁)

ရေနံချက်စက်ရုံ(သန်လျင်)၊အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)နှင့် ရေနံဓာတုဗေဒစက်ရုံ (သံပုရာကန်) တို့က စက်ရုံ(၃)ရုံကနေပြီးတော့ တစ်ရက်ကို ပျမ်းမျှ ဓာတ်ဆီ(၃၃၅၀၀၀)ဂါလံနှင့် ဒီဇယ်(၁၈၀၀၀၀) သာ ထုတ်လုပ်နိုင်တဲ့အတွက် တစ်နေ့တစ်နေ့ကို ရောင်းချနေတဲ့ရက်က (၁၂)သိန်း ကျော်တဲ့အတွက်ကြောင့် မို့လို့ ပြည်ပကနေပြီးတော့ နိုင်ငံအသီးသီးကနေ ဝယ်ယူပြီးတော့ ဖြန့်ဖြူးနေရတယ်ဆိုတာကိုလည်း ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရောင်းချနေတဲ့ စက်သုံးဆီ အမျိုးအစား (၂)မျိုးပါ။ ဓာတ်ဆီ ကတော့ ကျွန်တော်တို့ Octane ဆိုလျှင် (92၊ 95) ရှိပြီးတော့ ဒီဇယ်ဆိုလျှင် ရိုးရိုးဒီဇယ်နှင့် အဆင့်မြင့် ဒီဇယ် ရှိပါတယ်။ ကျွန်တော်တို့ ပြည်ပနိုင်ငံတွေမှာတော့ (95) ကနေပြီးတော့ (115) အထိ အသုံးပြုလျက် ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်ခင်ဗျား။ ယာဉ်ပိုင်ရှင်တွေဟာ အရည်အသွေး မပြည့်တဲ့ လောင်စာဆီတွေကို ထည့်မိခဲ့ရင်၊ အသုံးမပြုမိခဲ့ဘူး ဆိုရင်တော့ ကျွန်တော်တို့ပေါက်ကွဲမှုက ထွက်ပေါ်လာတဲ့ တွန်းကန်အားတွေဟာ ကျွန်တော်တို့ ပစ္စတင်တွေ၊ ပလပ်တွေဟာ ဒီဇယ်ကားတွေဆိုရင် နော်ဇယ် တွေ၊ ပန့်တွေအထိ ပျက်စီးပြီးတော့ မကြာခဏဆိုသလို ကျွန်တော်တို့ ချို့ယွင်းပျက်စီးနေတာကို တွေ့ရ ပါတယ်။ ဒါကြောင့် ယာဉ်ပိုင်ရှင်တွေဟာ နောက်ပိုင်း ဘာဖြစ်လာလဲဆိုရင် ကျွန်တော်တို့ အရည်အသွေး ရှိတဲ့ဆိုင်၊ သတ်မှတ်တဲ့စံကို ကျွန်တော်တို့ ရွေးချယ်ပြီး ထည့်နေရတဲ့ အနေအထား ရှိပါတယ်။ အခု ကျွန်တော်တို့ လမ်းတစ်လျှောက်မှာ ကြည့်မယ်ဆိုရင်လည်း စက်သုံးဆီဆိုင်တွေဟာ အရောင်အသွေး စုံလင်စွာနဲ့ အပြိုင်အဆိုင် ကျွန်တော်တို့ ရောင်းချနေတာ တွေ့ရပါတယ်။ ဒါပေမဲ့ ထူးခြားတာက တချို့ နေရာတွေ မှာ ဆိုင်လေးက အသေးလေးပါပဲ။ ဒီလောက်ကြီး ခမ်းခမ်းနားနား မရှိသော်လည်းပဲ လူတွေက ကောင်းတဲ့ဆိုင်ကို ရွေးထည့်နေရတာကို ကြည့်ခြင်းအားဖြင့် ပြည်သူတွေဟာ သတ်မှတ်တဲ့ အရည်အသွေး ရှိတဲ့ဆိုင်တွေကို ရွေးချယ်ပြီး ထည့်နေရတယ် ဆိုတာကို အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။

ဒါကြောင့်မို့ ကျွန်တော် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်း(၄)ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ (၁) မေးခွန်းအနေနဲ့ကတော့ ရောင်းချသော စက်သုံးဆီ များ၏ အဆင့်အလိုက် သတ်မှတ်ထားသော ဆီအရည်အသွေး ပြည့်မီခြင်း ရှိ/မရှိ နှင့် ဖြန့်ဖြူးရောင်းချ ရာတွင် အချိန်အတွယ် ပြည့်/မပြည့် စစ်ဆေးမှု ရှိ/မရှိ။ ဒုတိယမေးခွန်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အခြေစိုက် မြို့ကြီးများ၊ မြို့အတွင်းဆိုင်များကို စစ်ဆေးရေးအဖွဲ့ဖြင့် အလွယ်တကူ စစ်ဆေးနိုင် သော်လည်း ရှည်လျားလှသော ကားလမ်းတစ်လျှောက်မှာရှိတဲ့ ရောင်းချနေသော မြို့နှင့် အလှမ်း ကွာဝေးသော ဆိုင်များသို့ မည်ကဲ့သို့ စစ်ဆေးနေခြင်း ရှိ/မရှိ၊ တတိယမေးခွန်း သတ်မှတ်ချက် နှင့် မကိုက်ညီသော စက်သုံးဆီဆိုင်များအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်နေခြင်း ရှိ/မရှိနှင့် နောက်ဆုံး မေးခွန်းကတော့ ပြည်သူတစ်ဦးအနေဖြင့် မိမိဝယ်ယူထည့်သွင်းခဲ့သောဆိုင်မှ ရောင်းချသော စက်သုံးဆီ အရည်အသွေးအရ သော်လည်းကောင်း၊ အချိန်အတွယ် မပြည့်မီပါက မည်သည့်အဖွဲ့အစည်းသို့ ဆက်သွယ်သတင်းပို့ရန် သတ်မှတ်ထားတဲ့နေရာ ရှိ/မရှိ ကို သိလိုခြင်း မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၁။**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇဝန ကနေပြီးတော့ နေ့စဉ် မြန်မာပြည် တစ်ဝန်းလုံးမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသော စက်သုံးဆီအမျိုးမျိုး၏ အရည် အသွေး အချိန်အတွယ်များ ပြည့်မပြည့်နှင့် စစ်ဆေးသတ်မှတ်ချက်နှင့် မပြည့်စုံသော ဆိုင်များအား မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက် ပြီး ကျွန်တော်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး ကနေပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ကျွန်တော်တို့ နေပြည်တော်မှာ ဖွဲ့စည်း ထားပါတယ်။ အဲဒီကမှတစ်ဆင့် နေပြည်တော်ကောင်စီနဲ့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့မှာလည်း ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း များ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများကို စနစ်တကျ ဖွဲ့စည်းပြီးတော့ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များမှာ ဖြန့်ဖြူးရောင်းချနေတဲ့ စက်သုံးဆီ အရည်အသွေးနဲ့ အခြင်အတွယ် ပြည့်မီမှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်းများကိုလည်း လိုအပ်တဲ့အချိန်မှာ လိုအပ်သလို သွားရောက်စစ်ဆေးခြင်းများ ပြုလုပ် လျက် ရှိပါတယ်။ ထိုကဲ့သို့ စစ်ဆေးရာတွင် စက်သုံးဆီများ သတ်မှတ်အရည်အသွေး အခြင်အတွယ် ပြည့်စုံမှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ယာယီ ပိတ်သိမ်းခြင်း၊ လုံးဝပိတ်သိမ်းခြင်းအထိ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူလူထုများအနေနဲ့ မိမိတို့လက်ဝယ်သုံးစွဲနေတဲ့ စက်သုံးဆီ အရောင်းဆိုင်များရဲ့ အရည် အသွေး အခြင်အတွယ်နဲ့ ပတ်သက်ပြီးသံသယရှိလို့ရှိရင် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးမှာ ဖွဲ့စည်းထားတဲ့ ရေနံထွက်ပစ္စည်းများ တင်သွင်း သိုလှောင် သယ်ယူ ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီထံသို့ ဆက်သွယ်သတင်းပို့ပြီး လိုအပ်သလို စစ်ဆေးအရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စက်သုံးဆီ အရောင်းဆိုင်များမှ ရောင်းချတဲ့စက်သုံးဆီများ၏ အဆင့်အလိုက် သတ်မှတ်ထားတဲ့ ဆီအရည်အသွေး ပြည့်မီခြင်း ရှိ/မရှိ၊ ဖြန့်ဖြူးရောင်းချရာမှာ အခြင်အတွယ် ပြည့် မပြည့်တို့ကို စစ်ဆေးခဲ့ခြင်းနှင့် အရည်အသွေး အခြင်အတွယ် ပြည့်မှုမရှိတဲ့ဆိုင်တွေကို အပြစ်ပေးအရေးယူမှုနဲ့ ပတ်သက်ပြီးတော့လည်း အောက်ပါအတိုင်း ကျွန်တော်တို့ အရေးယူခဲ့ပါတယ်။

ပထမ အခြင်အတွယ်နဲ့ ပတ်သက်ပြီးတော့ စစ်ဆေးအရေးယူဆောင်ရွက်မှုကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ (၂၆)၊ (၂၇)မှာ ရန်ကုန်တိုင်းဒေသကြီး ဆိုင်(၂၃)ဆိုင်ကို စစ်ဆေးတဲ့အခါမှာ (၂၁)ဆိုင်ဟာ အခြင်အတွယ် မပြည့်မီတဲ့အတွက် ပထမအကြိမ် စာဖြင့် ဒီ(၂၁)ဆိုင်ကို အသိပေးပြီးတော့ ကျန်နဲ့ မြန်မာပြည် တစ်ပြည်လုံးမှာရှိတဲ့ ဆိုင်တွေအားလုံးကိုလည်း မိတ္တူပေးပြီးတော့ တစ်ကယ်လို့များ နောက်မှာ

ထပ်တွေ့လို့ အခြင်အတွယ် မပြည့်တာရှိလို့ရှိရင် ကျွန်တော်တို့ ပထမအကြိမ်မှာ ရောင်းချခွင့် တစ်လ ရပ်ဆိုင်းမယ်။ ဒုတိယအကြိမ်မှာ ရောင်းချခွင့် (၃)လ ရပ်ဆိုင်းမယ်။ တတိယအကြိမ် ထပ်မိလို့ရှိရင်တော့ ဆိုင်ကို လုံးဝပိတ်သိမ်းမယ် ဆိုတဲ့ စာနဲ့သတိပေး အကြောင်းကြားထားခဲ့တာ ရှိပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ၂၀၁၃ ခုနှစ် မတ်လ (၂၁)ကနေ (၂၅)ရက်မှာ ရန်ကုန်တိုင်းဒေသကြီးမှာပဲ ဆိုင် (၆၆)ဆိုင်ကို စစ်ဆေးတဲ့အခါမှာ (၁၆)ဆိုင်က အရည်အသွေး မပြည့်တဲ့အတွက် ပထမအကြိမ် တွေ့တဲ့ (၁၂)ဆိုင်ကို (၁)လပိတ်သိမ်းပြီး ဒုတိယအကြိမ်တွေ့တဲ့(၄)ဆိုင်ကို (၃)လ ရောင်းချခွင့် ပိတ်သိမ်းခဲ့ပါတယ်။

၂၀၁၃ ခုနှစ်၊ ဧပြီလမှာ (၄)ရက်၊ (၅)ရက်မှာလည်းပဲ ပဲခူးတိုင်းဒေသကြီးမှာ (၄၂)ဆိုင်ကို စစ်ဆေးတဲ့အခါမှာ (၂၂)ဆိုင် အခြင်အတွယ် မပြည့်တဲ့အတွက် (၁)လပိတ်သိမ်းခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ မေလမှာလည်းပဲ (၂၂)ဆိုင်ကို ကျွန်တော်တို့ ပဲခူးတိုင်းမှာပဲ စစ်တဲ့အခါမှာ (၁)ဆိုင်ဟာ အခြင်အတွယ် မပြည့်တဲ့အတွက် သူ့ကို က (၃)လ ပိတ်သိမ်းခဲ့ပါတယ်။ ဒီလိုပဲ ဧရာဝတီတိုင်းမှာ ၂၀၁၃ ခုနှစ်ထဲမှာ ဧရာဝတီတိုင်းမှာ (၁၀)ဆိုင်ကို စစ်ဆေးတော့ (၁)ဆိုင်မှာ အခြင်အတွယ်မပြည့်လို့ (၁)လ ပိတ်သိမ်းသလို၊ ဒီ ၂၀၁၃ ခုနှစ်၊ ဇွန်လထဲမှာ မန္တလေးတိုင်းမှာ (၂၃)ဆိုင်ကို စစ်ဆေးတဲ့အခါမှာ (၃)ဆိုင် မပြည့်မီတဲ့အတွက် (၁)လ ရောင်းချခွင့် ပိတ်သိမ်းခြင်း၊ မွန်ပြည်နယ်မှာလည်း (၁၀)ဆိုင် စစ်ဆေးတဲ့အခါမှာ မပြည့်မီတဲ့အတွက် ရောင်းချခွင့် (၁)လပိတ်သိမ်းခြင်း စတဲ့ အရေးယူမှုများကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါ တယ်။

ဆက်လက်ပြီးတော့လည်း အရည်အသွေး၊ စံချိန်စံညွှန်းနဲ့ ကိုက်ညီမှု ရှိ/မရှိနဲ့ အခြင်အတွယ် ရှိ/မရှိ ကိုလည်းပဲ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှာ ရန်ကုန်တိုင်းမှာ (၅)ဆိုင်ကို ကျွန်တော်တို့ စစ်ဆေးတဲ့အခါမှာ အရည်အသွေးရော၊ အခြင်အတွယ်ရော ပြည့်မီတာ ရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ မှာ ဧရာဝတီတိုင်းမှာ (၅)ဆိုင်ကို စစ်ဆေးတဲ့အခါမှာ (၅)ဆိုင်စလုံးက အခြင်အတွယ်အနေနဲ့ ပြည့်မီပေမယ့် (၂)ဆိုင်ဟာ အရည်အသွေး မပြည့်မီခဲ့တဲ့ ရှိပါတယ်။ အဲဒီအတွက်ကိုလည်း ကျွန်တော်တို့ စာဖြင့် ပထမအကြိမ် သတိပေးပြီးတော့ နောက်ပိုင်း ထပ်တွေ့တဲ့ဆိုင် အားလုံးကို ကျွန်တော်တို့ အခုန အဆင့်ဆင့် အရေးယူဆောင်ရွက်မှုများ လုပ်သွားမယ် ဆိုတာကိုလည်း ကျွန်တော်တို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့ ဒီ ၂၀၁၄၊ စက်တင်ဘာလမှာ မန္တလေးတိုင်းမှာ (၅)ဆိုင်ကို စစ်ဆေးတဲ့အခါမှာ (၅)ဆိုင်စလုံးဟာ အရည်အသွေးရော၊ အခြင်အတွယ်ရော ပြည့်မီတာကို ရှိခဲ့ပါတယ်။

အဲဒါအပြင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ စက်သုံးဆီ အရောင်းဆိုင်များမှ ဖြန့်ဖြူး ရောင်းချလျက်ရှိတဲ့ စက်သုံးဆီအရည်အသွေးကို ကျွန်တော်တို့က မူလကတော့ ဒီစက်သုံးဆီကို သန်လျင်မှာရှိတဲ့ စက်ရုံကို ယူသွားပြီးတော့ စစ်ဆေးနေရတဲ့အတွက် အချိန်ကြာတဲ့ အခြေအနေများ ရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ ကျွန်တော်တို့ ဒီ နိုင်ငံခြားကနေပြီးတော့ (Mobile Fuel Lab) ကား (၆)စီးနဲ့ ပြည်ပကနေ မှာယူတင်သွင်းခဲ့ပြီးတော့ ဓာတ်ခွဲစမ်းသပ်ပစ္စည်းများကို တပ်ဆင်နေပါတယ်။ ပစ္စည်းများကို တပ်ဆင်ပြီးတဲ့အခါကျရင်တော့ အဲဒီအဆိုပါ ယာဉ်များနဲ့ စက်သုံးဆီ အရောင်းဆိုင်များကို ကျယ်ကျယ်ပြန့်ပြန့်၊ အရည်အသွေးရော၊ အခြင်အတွယ်ပါ စစ်ဆေးသွားနိုင်မယ့် အခြေအနေ ဆောင်ရွက်လျက်ရှိကြောင်းကို ပြန်လည်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၃။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်း အဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၁၉၄၇ ခုနှစ်၊ အမိန့် ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ၂၀-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၄၇ ခုနှစ်၊ အမိန့် ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်းဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြ အပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအနေနဲ့ တင်ပြမှာ ဖြစ်ပါတယ်။

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ၁၅-၁၀-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းအပေါ် ၂၁-၁၀-၂၀၁၄ နှင့် ၂၂-၁၀-၂၀၁၄ ရက်နေ့တို့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဂူ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တို့က အမျိုးသားလွှတ်တော်တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။

၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာမှု ပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့သဖြင့် အကြံပြုဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီသည် ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ၃၀-၁၀-၂၀၁၄ ရက်နေ့တွင် အစည်းအဝေးကျင်းပပြီး ထပ်မံ၍ လေ့လာသုံးသပ်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအနက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းခေါင်းစဉ်ရှေ့တွင် ပြည်ထောင်စု ဟူသော စကားရပ်ကို ထည့်သွင်းရန် အကြံပြုချက်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တိုင်းရင်းသားဟုသာ သုံးနှုန်းပြီး၊ ပြည်ထောင်စု တိုင်းရင်းသားဟု သုံးနှုန်းမှု မရှိခြင်းကြောင့်လည်းကောင်း၊ တိုင်းရင်းသားစာပေ သင်ကြားခွင့်၊ သင်ယူခွင့်နှင့် စပ်လျဉ်း၍ တိုင်းရင်းသား စာပေသင်ကြားရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အမျိုးသားပညာရေး ဥပဒေတွင် ဖော်ပြပါရှိပြီး သက်ဆိုင်ရာ ပညာရေးနယ်ပယ်အလိုက် ထပ်မံပြဋ္ဌာန်းမည့် ပညာရေးဆိုင်ရာ ဥပဒေများ၊ (Sectoral Law) များတွင် ဖော်ပြပါရှိမည်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ တိုင်းရင်းသားဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု အချိုးအစား ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့် အကြံပြုချက်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့တွင် ပြဋ္ဌာန်းပြီး အချက်များဖြစ်နေခြင်းကြောင့် လည်းကောင်း ပြင်ဆင်ဖြည့်စွက်ရန် မလိုအပ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊ ပြတိုက်နှင့် စာကြည့်တိုက်များဆိုင်ရာ ကိစ္စရပ်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား-၂ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းရမည့် ကိစ္စရပ်များ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်းနှင့်စပ်လျဉ်း၍ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဓလေ့ထုံးတမ်းဆိုင်ရာ Customary Law များသည် တိုင်းရင်းသားလူမျိုးစုအလိုက် ကျင့်သုံးရမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်များကသာ ပြဋ္ဌာန်းရမည်ကိစ္စဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်နေ့၊ အမျိုးသားနေ့များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပြဋ္ဌာန်းရေးကိစ္စမှာလည်း အဆိုပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌သာ ကျင့်သုံးဆောင်ရွက်ရမည် ဖြစ်ခြင်းကြောင့်လည်းကောင်း အဆိုပါအချက်များသည် ဤဥပဒေကြမ်းတွင် ဖြည့်စွက်ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်အညီ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈၊ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၉၊ အပိုဒ်ခွဲ(ဂ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား တိုင်းရင်းသား လူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု နှင့် ရိုးရာဓလေ့ထုံးတမ်း တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်းအမွေအနှစ်တို့ကို စူးစမ်းရှာဖွေဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၈၊ အပိုဒ်ခွဲ(ဂ)၏ နောက်တွင် အပိုဒ်ခွဲ(ဃ)အဖြစ် ပျောက်ကွယ်လုနီးပါး ဖြစ်နေသော တိုင်းရင်းသား လူမျိုးနွယ်စုများ သတ်မှတ်ခြင်းနှင့် ကူညီစောင့်ရှောက်ခြင်း ဆိုသည့် စကားရပ်ကို အသစ်ဖြည့်စွက်ပြီး အပိုဒ် ၉၊ အပိုဒ်ခွဲ(ဃ)အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၀ ကို အပိုဒ် ၂၁ အဖြစ် ပြောင်းလဲ အမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား

မည်သူမျှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စအလို့ငှာ အလွဲသုံးစား မပြုလုပ်ရ ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်းနှင့် ပြောင်းလဲသွားသည့် အမှတ်စဉ်များကို ပြန်လည်စီစဉ်သင့်ပါကြောင်း တို့ကို လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၆။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအရ ထပ်မံပြင်ဆင်ခဲ့သည့် အချက်များနှင့် ဥပဒေကြမ်းကော်မတီက တင်ပြခဲ့ပြီးဖြစ်သော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂(က)(ခ)(ဃ)(င)(စ)(ဆ)

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) တိုင်းရင်းသားလူမျိုးများ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိထားသော လူမျိုးများ၊ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ရရှိထားသော လူမျိုးများ၊ သီးခြား ဘာသာစကား၊ သီးခြားယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ရှိသည့် လူမျိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင် ဟု ပြင်ဆင်ထားပါတယ်။

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

(ဃ) ပြည်ထောင်စုဝန်ကြီးဆိုသည်မှာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

( င ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနကို ဆိုသည်။

( စ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဆ) တိုင်းရင်းသားရေးရာ ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေးတို့ အပါအဝင် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ်များကို ဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ခ)(ဃ)(င)(စ)(ဆ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (က)(ခ)(ဃ)(င)(စ)(ဆ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃(က)(ခ)(ဂ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊

( ခ ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စု စိတ်ဓာတ် အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြရန်၊

( ဂ ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၄(ဂ)(င)(စ)(ည)(ဋ)

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင်

(ဂ) မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့်စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများရပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

(စ) အလုပ်ခန့်ထားမှုအပိုင်းတွင် ဝန်ထမ်းအကြီးအကဲနှင့် အခြားဝန်ထမ်းများ ခန့်ထားရာ၌ သတ်မှတ်အရည်အချင်း ပြည့်မီပါက တိုင်းရင်းသားများ ပါဝင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ည) ပုဒ်မခွဲ(ဈ)အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွင် ကိုယ်စားလှယ်ပါဝင်ခွင့် ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသား လူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

(ဋ) မိမိတို့ တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ထုတ်ဖော်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့်ရှိရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(ဂ)(င)(စ)(ည)(ဋ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(ဂ) (င) (စ) (ည) (ဋ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အပိုဒ် ၅

တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာဌာနေ တိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၉(က)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)(ဋ)(ဌ)

၉။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ဤဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊

သမိုင်း နှင့် ရှေးဟောင်းအမွေအနှစ်တို့ကို စူးစမ်းရှာဖွေ ဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

(ဃ) ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားမျိုးနွယ်စုများ သတ်မှတ်ခြင်းနှင့်ကူညီစောင့်ရှောက်ခြင်းဟု ဖြည့်စွက်ထားပါတယ်။

(င) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီမှုတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

(ဆ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့်ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ခြင်း၊

(ဇ) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးခြင်းဟု ဖြည့်စွက်ထားပါတယ်။

(ဈ) တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသား လူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(ည) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါး ဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာ ဓလေ့ထုံးတမ်း တို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက် ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉(က)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)(ည)(ဋ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉(က)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)(ည)(ဋ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀

ဝန်ကြီးဌာနသည်လိုအပ်သည့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ထမ်းအဖွဲ့အစည်း အသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အပိုဒ် ၁၂၊ အပိုဒ် ၁၃

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် ယင်း၏လက်အောက်တွင် လိုအပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ထမ်းအဖွဲ့အစည်း အသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်း ရေးဆွဲရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂၊ အပိုဒ် ၁၃ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂၊ အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈

၁၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးရန် -

၁၆။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် -

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ) အရ တင်ပြသောကိစ္စမှာ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ခြင်းမရှိပါက အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၁၊ အပိုဒ် ၂၂

၂၁။ မည်သူမျှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စ အလို့ငှာ အလွဲသုံးစား မပြုလုပ်ရ။

၂၂။ မည်သူမျှ တိုင်းရင်းသားလူမျိုးများ အချင်းချင်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူများကိုမပြုလုပ်ရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၁၊ အပိုဒ် ၂၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁၊ အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅

၂၃။ မည်သူမဆိုပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၅။ မည်သူမဆိုပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၂၇၊ အပိုဒ် ၃၀၊ အပိုဒ် ၃၂

၂၇။ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၉ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းခြင်း ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ တိုင်းရင်းသားရေးရာကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် မိမိတို့အစိုးရအဖွဲ့၏ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအား တာဝန်ပေးအပ် ဆောင်ရွက်စေရမည်။ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် ဝန်ကြီးအား ဆောင်ရွက်စေရမည်ဟု ဖြည့်စွက်ထားပါတယ်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇၊ အပိုဒ် ၃၀၊ အပိုဒ် ၃၂ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇၊ အပိုဒ် ၃၀၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၁၅ နှင့် အပိုဒ် ၁၇ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့် -

ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၂(ဂ)၊

အခန်း(၂)၊ အပိုဒ် ၃(ဃ)(င)(စ)၊

အခန်း(၃)၊ အပိုဒ် ၄(က)(ခ)(ဃ)နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၃)၊ အပိုဒ် ၄(ဆ)(ဇ)(ဈ)

အခန်း(၄)၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)(ဂ)၊ အပိုဒ် ၈၊

အခန်း(၅)၊ အပိုဒ် ၉(ခ)(စ)(ည)(ဍ)၊ အပိုဒ် ၁၁၊

အခန်း(၆) အပိုဒ် ၁၄၊ အပိုဒ် ၁၅(က)(ခ)၊ အပိုဒ် ၁၆(က)(ခ)(ဂ)၊ အပိုဒ် ၁၉

အခန်း(၇)၊ အပိုဒ် ၂၀၊

အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၀) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၂း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]